ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၁၀ ရက်၊ သောကြာနေ့ (10-1-2014) (၇၇၂၁)

ဒိုတာဝန်အရေးသုံးပါး

မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ လက်တွဲဆောင်ရွက်သွားရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး H.E. Mr. Rasmus Helveg Petersen နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး H.E. Mr. Rasmus Helveg Petersen။

အဆိုပါ တွေ့ဆုံပွဲတွင် ဒိန်းမတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ဒိန်းမတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားသောအကူအညီများ ပေးအပ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအကူအညီများပေးရေး၊ လာမည့်နှစ်များတွင်၍ မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ လက်တွဲဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးက ၎င်း၏ ခရီးစဉ်သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ပွင့်လင်းမြင်သာသော အစီအမံများအတွက် ဒိန်းမတ်နိုင်ငံက အပြည့်အဝ ထောက်ခံကြောင်းပြသရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ ဒိန်းမတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် တင်ရှိနေသည့် ကြွေးမြီများကိုလည်း ဖြေလျှော့ပေးခဲ့ပါကြောင်းနှင့် ဒိန်းမတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အောင်မြင်နေသည်ကို တွေ့မြင်ရသည့်အတွက် အထူးအားရ ကျေနပ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးနှင့် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mikael H. Winther လည်း တက်ရောက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွက် သတင်းထောက်ကတ်များ ထုတ်ပေးရန်စီစဉ်ထား

နေပြည်တော် ဇန်နဝါရီ ၉

ညောင်ဦးခရိုင် ပုဂံမြို့တွင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် သတင်းရယူကြမည့် ပြည်တွင်း/ပြည်ပသတင်းထောက်များနှင့် နိုင်ငံခြားသတင်းထောက်များအသင်း သတင်းထောက်များအတွက် ဝင်ခွင့်ကတ်လျှောက်ထားခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်တွင် ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး သတင်းထောက်ဝင်ခွင့်ကတ်များကို ဇန်နဝါရီ ၁၄ ရက် ရုံးချိန်အတွင်း ညောင်ဦးခရိုင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ် နန်းမြင့်ဆောင်တွင် သက်ဆိုင်ရာ မီဒီယာအဖွဲ့၏ ထောက်ခံချက်တင်ပြပြီး စတင်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုပ္ပားတောင်အနီးတစ်ဝိုက်ဒေသများ ခြံထွက်သီးနှံများဖြင့် တစ်နှစ်ပတ်လုံး ဝင်ငွေရရှိ

ပုပ္ပားတောင်မကြီးအနီးတစ်ဝိုက် ကျေးရွာများတွင် စိုက်ပျိုးအောင်မြင်နေသော ထိုင်ဝမ်သင်္ဘောစိတ်ခင်း။

ကျောက်ပန်းတောင်း ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီး၏ အရှေ့မြောက်ဘက်ခြမ်းရှိ ကျေးရွာများဖြစ်သော နတ်ကန်လည်၊ လျော်တော၊ ဆကန်း၊ ပျဉ်မကြီး၊ ဆင်ဆင်း၊ လိုင်သာ အစရှိသည့် ကျေးရွာများတွင် ယခင်က ပုပ္ပားတောင်မကြီး၏ အရိပ်အာဝါသနှင့် သဘာဝစိမ်းစိုမှုတို့ကို မှီခို၍ ငှက်ပျောစိုက်ပျိုးမှုလုပ်ငန်းတစ်မျိုးတည်းကိုသာ မိရိုးဖလာအဖြစ် အားထားလုပ်ကိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ပုပ္ပားဒေသ၏ ရေ သယံဇာတအရင်းအမြစ်များ ယိုယွင်းပျက်စီးမှု လျော့နည်းစေရေးအတွက် ငှက်ပျောအစား အခြားသီးနှံများကို အစားထိုးစိုက်ပျိုးစေခဲ့ရာ ယခုအခါ အဆိုပါဒေသရှိ ကျေးရွာနေပြည်သူများမှ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

ကြေးမုံ စာတည်းရှေ့ထောင့် ၁၀-၁-၂၀၁၄၊ သောကြာနေ့

ကျေးလက်ဒေသဖွံ့ဖြိုးရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများအား တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

နိုင်ငံတစ်နိုင်ငံ၏ ကျေးလက်များဖွံ့ဖြိုးမှသာ မြို့ပြများဖွံ့ဖြိုးမှုနှင့် ကွာဟချက်မဖြစ်ပေါ်ဘဲ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါသည်။ ယခင်အစိုးရကာလများက ကျေးလက်ဒေသများမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလွန်းသဖြင့် မြို့ပြများနှင့် များစွာကွာခြားနေသည်ကို တွေ့မြင်ခဲ့ရသည်။

ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြရာ၌ သိပ္ပံနည်းကျစိုက်ပျိုးမှုနှင့် စက်မှုနည်းသုံးစွဲနိုင်မှု နည်းခြင်း၊ အရင်းအနှီးမတတ်နိုင်ခြင်း၊ ဈေးကွက်တွက်ခြေမကိုက်ခြင်း တို့ကြောင့် ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်မှုနည်းပါးခဲ့ရပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသောအခါ ကျေးလက်နေ ပြည်သူများအနေဖြင့် မိမိတို့၏ဘဝရပ်တည်နိုင်ရေးအတွက် မူလလက်ငုတ် လက်ရင်း လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပစ်ပယ်ကာ ကြုံရာကျပန်း အလုပ်များနှင့် ရွှေ့ပြောင်းလုပ်သားများအဖြစ် ကူးပြောင်းလုပ်ကိုင်လာကြပါသည်။

ယင်းအခြေအနေများကို လက်တွေ့ကျကျသုံးသပ်လေ့လာ၍ နိုင်ငံတော် အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို စနစ်တကျအလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာ တွင် လမ်းပြမြေပုံ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်တစ်ရပ်ကို ရေးဆွဲထားပြီး အလျင် အမြန် အောင်မြင်ရေးအတွက် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနက ထောင်စုနှစ်ရည်မှန်းချက်အတိုင်း အကောင် အထည်ဖော်ရာတွင် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ် ရိက္ခာဖူလုံရေးနှင့် အစားအစာဘေးကင်းမှုရှိစေရေးဆိုင်ရာ မူဝါဒများချမှတ်ရေး၊ ကျေးလက်လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ရေရရှိရေးနှင့် ကျန်းမာ သန့်ရှင်းရေးလုပ်ငန်းများ၊ ကျေးလက်လျှပ်စစ်မီးလင်းရေးနှင့် အသက်မွေးဝမ်း ကျောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိက အသားထုတ်လုပ်မှုနှင့် ငါးပုစွန်ထုတ်လုပ်မှု တိုးတက်ရေးလုပ်ငန်းများ က ဦးစွာ အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။

ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများက ဆောင်ရွက်နေရာတွင် အဓိကလိုအပ်ချက်မှာ ဒေသခံပြည်သူများ၏အားဖြစ်ပါသည်။ ပြည်သူအားလုံး တက်တက်ကြွကြွပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် “ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်အံ့”ဟု ကြွေးကြော်ထား ခြင်းဖြစ်ပါသည်။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသခံပြည်သူလူထုအားသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ဒေသခံပြည်သူများအနေဖြင့် ဥစ္စာရင်လို ဥစ္စာရင်ခဲ မိမိတို့အကျိုး၊ မိမိဒေသအကျိုးအတွက် စိတ်ရော ကိုယ်ပါ ပူးပေါင်း ပါဝင်ကြရပါမည်။ မိမိဒေသဖွံ့ဖြိုးအောင်လုပ်ဆောင်ပေးလိမ့်မည်ဟု မျှော်မှန်း တင်းတိမ်မနေဘဲ တစ်ဖက်က ကူညီဆောင်ရွက်ပေးသလို မိမိတို့ကလည်း အားတက်သရော ပါဝင်ဆောင်ရွက်ကြဖို့ လိုပေလိမ့်မည်။

နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်း၏ အားဖြင့် မလုံလောက်ဘဲ ပြည်သူများပါဝင်ပြီး ပြည်တွင်းရှိအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံဉာဏ်များ၊ အကူအညီများကိုရယူ၍ ၎င်းတို့နှင့် နီးနီးကပ်ကပ် လက်တွဲပူးပေါင်းကာ ပြည်သူဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင် ရွက်ကြရမည်ဖြစ်ပါသည်။

ကျေးလက်နေပြည်သူများ စမ်းဆောင်ရည်မြင့်မားဖို့ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းကာ ကျေးလက်နေပြည်သူများ အားလုံးပါဝင်လာမှသာ ရေရှည်တည်တံ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း များက အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ဆောင် ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

မျိုးသန့်မျိုးပွား ကန်စွန်းဥ၊ မြေပဲ၊ ကညွတ်စိုက်ခင်းများ နေပြည်တော်၌ ဖြစ်ထွန်းအောင်မြင်

နေပြည်တော် ဇန်နဝါရီ ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ နံနက် ၇ နာရီတွင် ပျဉ်းမနားမြို့နယ် အလျင်လိကျေးရွာရှိ ဂျပန်မရင်းမျိုး ကန်စွန်းဥမျိုးသန့်မျိုးပွားပျိုးခင်း၌ မျိုးစေ့စနစ်၊ မျိုးဥစနစ်နှင့်ကိုင်းထိုးစနစ်တို့ဖြင့် ပျိုးထောင်ထားမှု၊ ပိန်းဥစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်မှု၊ တောင်သူပညာပေး ခါတကင်းလတ်သစ်သီးဝလံစိုက်ခင်းရှိ ငှက်ပျော၊ ပန်း၊ ကျွဲကော၊ သပြေ၊ ဥသျှစ်၊ တည်ပင်များနှင့် အစေ့စားနေကြာစိုက်ခင်းဖြစ်ထွန်းအောင်မြင်မှုများကို လှည့်လည်စစ်ဆေးပြီး ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် လက်ကားဒိုင်ကြီးများမှ လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ အဆင့်အတန်းမီစွာ ထုတ်လုပ်တင်ပို့ရောင်းချရန် ခိုင်မာသောဈေးကွက်လိုအပ်ကြောင်း၊ ဈေးကွက်၏တောင်းဆိုမှုနှင့်အညီ လိုအပ်သော အရေအတွက်ထုထည်ဝမာဏထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်စိုက်ကွင်းကြီးများထူထောင်ရေးက လယ်ယာကုန်ထုတ်သမဝါယမအသင်းများနှင့်စိုက်ပျိုးရေးပညာရှင်များ ပိုမိုပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မျိုးသန့်မျိုးပွားဂျပန်မရင်းစပါးမျိုးစိုက်ခင်းအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်	ဇန်နဝါရီ ၉	
ရန်ကုန် ရွှေဈေး	၆၅၃၃၀၀	- ၆၅၄၃၀၀
မန္တလေး ရွှေဈေး	၆၅၃၂၀၀	- ၆၅၄၂၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်		၉၅၀	ကျပ်
(ခ) အောက်တိန်း95		၁၀၉၀	ကျပ်
(ဂ) အောက်တိန်း92		၉၂၀	ကျပ်
(ဃ) ဓာတ်ဆီ		၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၅. ၀၀
(ခ)	ဥရောပ		= ၁၃၃၆. ၈
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၄. ၀၁
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၇၈
(င)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၈၁
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၀. ၄၀
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၄၅
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၃၉. ၇၅
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၃၄၅
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၇. ၁၁

ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားလိုသူများအား လျှောက်လွှာတင်သွင်းခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကိုယ်ပိုင်ကျောင်းများကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ရာ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများ၊ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားလိုသူများသည် ဇန်နဝါရီ ၁၃ ရက်မှ စတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး ညွှန်ကြားရေးမှူးရုံးများတွင် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လျှောက်လွှာနှင့် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာများကို ထုတ်ယူနိုင်ပြီး ဇန်နဝါရီ ၃၀ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး ညွှန်ကြားရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် (ယာယီစမ်းသပ်) ခွင့်ပြုချက်ကာလ ကုန်ဆုံးသည့် ကိုယ်ပိုင်ကျောင်းများသည်လည်း ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် လျှောက်လွှာအသစ် ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆း၀၀	ပရိတ်တရားတော်
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် “အမြတ်နိုးဆုံးနင်း” (ရန်အောင်၊ စိုးသ၊ မိမြင့်အောင်) (ဒါရိုက်တာ-သက်မောင်မောင်)
၂း၂၅	“အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း” (ပင်းဦး)
၃း၁၅	အိန္ဒိယရုပ်ရှင် “နှလုံးဖြူသောနင်းဆနီ” (ဇာတ်သိမ်း)
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီး H.E.Mr.Yoshitaka SHINDO နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပ)

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အဆင့်မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံမှ နည်းပညာဆိုင်ရာ အကူအညီပေးရေး၊ ဆက်သွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံ၏ စာပို့တိုက်လုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် နည်းပညာများ ကူညီပံ့ပိုးပေးရေးနှင့် နည်းပညာသင်တန်းများကို မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ပို့ချနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြတ်ဟန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Mikio NUMATA တို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

မဟာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၄ ခုနှစ် မဟာစရိယနှင့် ပထမပြန်စာမေးပွဲများကို မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

မဟာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (သောကြာနေ့)မှ နှောင်းတန်ခူးလဆန်း ၆ ရက် (စနေနေ့)(၂၀၁၄ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်) အထိ လည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ ရက် (ကြာသပတေးနေ့)မှ နှောင်းတန်ခူးလဆန်း ၁၀ ရက်(ဗုဒ္ဓဟူးနေ့) (၂၀၁၄ ခုနှစ် ဧပြီ ၃ ရက်မှ ၉ ရက်)အထိ လည်းကောင်း သက်ဆိုင်ရာ စာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စာမေးပွဲများကျင်းပမည့် အချိန်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့သို့ ဆက်သွယ်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ခေတ်မီမီးငြိမ်းသတ်ယာဉ်(အသစ်)များ ဝယ်ယူဖြည့်တင်း

နေပြည်တော် ဇန်နဝါရီ ၉

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်အဆင့် မီးသတ်စခန်း ၃၃၀ တွင် ထပ်မံဖြည့်တင်းရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တရုတ်နိုင်ငံလုပ်မီးငြိမ်းသတ်ယာဉ်(အသစ်) အစီး ၁၀၀ ကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တရုတ်နိုင်ငံလုပ် မီးငြိမ်းသတ်ယာဉ်(အသစ်) ၂၂၂ စီးကိုလည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနက နိုင်ငံပိုင်သတင်းစာများ၌ အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူခဲ့သည်။

ဖွဲ့စည်းပုံအရ မြို့နယ်အဆင့်မီးသတ်စခန်းတစ်ခုတွင် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မီးသတ်စက်ယာဉ် တစ်စီး စုစုပေါင်းမီးသတ်ယာဉ် လေးစီးထားရှိနိုင်ရန် ဖွဲ့စည်းစီမံဆောင်ရွက်လျက်ရှိရာ ယခုနှစ်ဝယ်ယူသည့် မီးငြိမ်းသတ်ယာဉ် ၂၂၂ စီးရောက်ရှိလာပါက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်အဆင့် မီးသတ်စခန်းများသို့ ဖွဲ့စည်းပုံသတ်မှတ်ချက်အတိုင်း ဦးစားပေးအဆင့်သတ်မှတ်၍ ဖြန့်ခွဲထုတ်ပေးသွားမည်ဖြစ်သည်။

မီးသတ်ယာဉ်များဖြည့်တင်းရေး ဦးစားပေးအဆင့်သတ်မှတ်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာအုပ်စုအရေအတွက်၊ အိမ်မြေနှင့် လူဦးရေ ထူထပ်မှု၊ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများတည်ရှိမှု၊ ၁၀ နှစ်အတွင်း မီးလောင်မှုအကြိမ်အရေအတွက်နှင့် ဆုံးရှုံးမှုတန်ဖိုး၊ မီးသတ်ယာဉ်ဝင်ထွက်နိုင်သည့်လမ်းများ စသည့်အချက်များအပေါ် မူတည်၍ ဖြန့်ခွဲထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

သဘာဝအရင်းအမြစ်နှင့်သစ်တောများထိန်းသိမ်းရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် အမေရိကန်ပြည်ထောင်စုအခြေစိုက် Blue Moon Fund အဖွဲ့အစည်း၏ Vice -President Dr.Ji Qiang Zhang၊ ဆီဒင်နိုင်ငံအခြေစိုက် Global Environment Institute (GEI) နှင့် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် Vermount Law School တို့မှ တာဝန်ရှိသူများသည်

ယမန်နေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံကြပြီး မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာများ ထိန်းသိမ်းရေးနှင့် လူအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့်အစီအစဉ်များ၊ ငွေကြေးနှင့် နည်းပညာထောက်ပံ့ပေးရေး၊ မြန်မာနိုင်ငံအာဆီယံ အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်စဉ်ကာလအတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် အာဆီယံနိုင်ငံများအတွင်း ဦးဆောင်ဦးရွက်ပြုနိုင်မည့် အစီအစဉ်၊ မြေအသုံးချမှု အစီအစဉ်များတွင် ကျွမ်းကျင်ပညာရှင်များ ကူညီပံ့ပိုးပေးခြင်း၊ ပထဝီဝင်သတင်းအချက်အလက် စနစ်များဆိုင်ရာ နည်းပညာနှင့် အကူအညီများပံ့ပိုးပေးခြင်း၊ သစ်တောပြုန်းတီးမြင်းနှင့် သစ်တောအမျိုးအစားအလိုက် ကာဗွန်စုပ်ယူသိုလှောင်ထားနိုင်မှု အခြေအနေသိရှိနိုင်ရန်အတွက် ဆက်သွယ်ရေးပြိုဟတမတစ်ဆင့် ကောင်းကင်ဓာတ်ပုံများ တက်ချက်ရယူခြင်း၊ တနင်္သာရီသဘာဝကြိုးဝိုင်း၊ မြင့်မိုရ်လက်ခတ်ကြိုးဝိုင်းတို့တွင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ကချင်ပြည်နယ် ဟူးကောင်းဘေးမဲ့တော၊ ခါကာဘိုရာဇီ၊ ဖန်ကန်ရာဇီတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်မျိုးဆက်ပျက်သုဉ်းလုဆဲ CITES စာရင်းဝင် အပင်နှင့်တိရစ္ဆာန်များ ထိန်းသိမ်းရေး၊ နယ်စပ်ဖြတ်ကျော်၍ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး သဘာဝကာကွယ်တော၊ ဘေးမဲ့တောများ ထူထောင်ထိန်းသိမ်းရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။(ဖဲပံ)

(သတင်းစဉ်)

စည်းကမ်းဖောက်ဖျက်သည့် ခရီးသည်တင်ယာဉ်များကို တိုင်ကြားရမည့် ဖုန်းနံပါတ်များ မထသ(ဗဟို)က ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၉

ယာဉ်စည်းကမ်း ဖောက်ဖျက်လျက်ရှိသောယာဉ်များကို ခရီးသည်များက အချိန်မရွေး တိုင်ကြားရန်အတွက် ဖုန်း-၈၅၀၀၆၅၀(လိုင်းခွဲ) ၂၀၇ မထသ (ဗဟို) စည်းကမ်းထိန်းသိမ်းရေးဌာန ဖုန်း-၈၅၀၀၆၅၁ ပဲဆောင်ရေးဌာနနှင့် တာဝန်မှူးရေးသို့ ဆက်သွယ်တင်ကြားနိုင်ကြောင်း၊ ဖုန်းနံပါတ်များကို ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ယာဉ်စည်းကမ်း ဖောက်ဖျက်ကျူးလွန်သည့် ခရီးသည်တင်ယာဉ်လိုင်းများကို ဖုန်းဆက်တိုင်ကြားရာတွင် တိုင်ကြားသူက ယာဉ်လိုင်းနံပါတ်၊ ယာဉ်နံပါတ်နှင့် ဖြစ်စဉ်အကျဉ်းချုပ်ကို ပြောပြရန်လိုအပ်ပြီး တိုင်ကြားသူ၏ အမည်နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကို ပြောကြားရန် လိုအပ်ကြောင်း သိရသည်။

"တိုင်ကြားမယ်သူက ဥပမာ ယာဉ်စီးခပိုတောင်းတာဆိုရင်လည်း ဘယ်လောက်တောင်းတယ်ဆိုတဲ့ အကြောင်းပြောဖို့လိုတယ်။ တိုင်ကြားသူရဲ့ နာမည်နဲ့ ဖုန်းနံပါတ်က မေးရတာက ကျွန်တော်တို့ဘက်က အရေးယူပြီးသွားရင် ပြန်လည်အကြောင်းကြားချင်လို့ပါ"ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလအောင်က ပြောကြားသည်။

ခရီးသွားပြည်သူများ အနေဖြင့် ခရီးသည်တင်ယာဉ်များကို စီးနင်းရာ၌ သတ်မှတ်ထားသည့် ယာဉ်စီးခထက် ပိုမိုတောင်းခံမှုများ၊ ယာဉ်လုပ်သားများက ပြေမြင်ဆက်ဆံမှုများ၊ သတ်မှတ်မှတ်တိုင်တွင် မရပ်တန့်မှုများ၊ ခရီးစဉ်အစအဆုံး မပြေးဆွဲမှုများ အကြုံတွေ့နေရပြီး ယင်းဖြစ်စဉ်များကို တိုင်ကြားနိုင်ရန်အတွက် မထသ (ဗဟို)သို့ ဖုန်းဖြင့် သော်လည်းကောင်း၊ စာဖြင့် သော်လည်းကောင်း၊ မထသဝက်ဘ်ဆိုက် www. mhtcentral. comသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

(ကေသိန်းဆွေ)

သိမ်းဆည်းရမိထားသော ဆင်စွယ်များကို ဖျက်ဆီးမစ်ရန် ဟောင်ကောင်အစိုးရ သုံးသပ်

ဟောင်ကောင် ဇန်နဝါရီ ၉

တရုတ်နိုင်ငံ ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အစိုးရအဖွဲ့သည် သိမ်းဆည်းရမိထားသော ဆင်စွယ် [illegible] ၃၀ ကျော်ကို ဖျက်ဆီးပစ်ရန် သင့်၊ မသင့် စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၉ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်အစိုးရအဖွဲ့သည် ခြောက်တန်ကျော် အလေးချိန်ရှိ ဆင်စွယ်များကို မကြာမီက ဖျက်ဆီးပစ်ခဲ့သည်။ သိမ်းဆည်းရမိသောဆင်စွယ်များကို အများပြည်သူရှေ့မှောက်၌ ဖျက်ဆီးပစ်ခြင်းမှာ ဝထမဆုံးအကြိမ်ဖြစ်သည်။

တရုတ်နိုင်ငံ၌ ဆင်စွယ်များကို မှောင်ခိုရောင်းဝယ်မှု အဆုံးသတ်စေရန် ရည်ရွယ်၍ သိမ်းဆည်းရမိသော ဆင်စွယ်များကို ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံတကာ ဆင်စွယ်မှောင်ခိုရောင်းဝယ်မှုလုပ်ငန်းတွင် ဟောင်ကောင်ဒေသကို ကြားခံစခန်းတစ်ခုအဖြစ်အသုံးပြုလာနေကြောင်း၊ ဟောင်ကောင်ဒေသ၌ ၂၀၀၉ ခုနှစ်နောက်ပိုင်း ဆင်စွယ်များကို ပိုမိုသိမ်းဆည်းရမိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ဆင်စွယ် ၈၀၄၁ ကီလိုဂရမ်အထိ စုချိန်တင် သိမ်းဆည်းရမိခဲ့ကြောင်း ဟောင်ကောင်ဒေသန္တရအစိုးရအဖွဲ့က ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တောင်းဆို

ယနေ့ကာလတွင် အာဖရိကဆင်များ ပိမိသတ်ဖြတ်ခံလာရခြင်းသည် အာရှဒေသ၌ ဆင်စွယ်ဝယ်လိုအားတိုးလာခြင်းနှင့် ဆက်နွှယ်လျက်ရှိသည်။ ဆင်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက် ဆင်စွယ်မှောင်ခိုရောင်းဝယ်ရေးလုပ်ငန်းကို အစိုးရအဖွဲ့က ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်ရန် သဘာဝဝတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက တောင်းဆိုလျက်ရှိကြသည်။

ဆင်ဟွာ။

ဟောင်ကောင်အကောက်ခွန်ဌာနက သိမ်းဆည်းရမိသော ဆင်စွယ်များကို တွေ့ရစဉ်။

စစ်အာဏာသိမ်းခေါင်းဆောင်ဟောင်း မူရှာရက်ဖ် တရားခွင်သို့လာရောက်ရန် တရားရုံးချုပ် အမိန့်ထုတ်

အစ္စလာမာဘတ် ဇန်နဝါရီ ၉

ပါကစ္စတန် စစ်ဘက်အာဏာသိမ်းခေါင်းဆောင်ဟောင်း ပါဗက်ဇ်မူရှာရက်ဖ်၏ ရှေ့နေများက ၎င်းတို့ အမှုသည်မှာ ကျန်းမာရေး အခြေအနေဆိုးရွားမှုများကြောင့် တရားခွင်သို့ လာရောက်စစ်ဆေးခံနိုင်မည်မဟုတ်ဟု ပြောဆိုကြကြောင်း၊ သို့ရာတွင် တရားရုံးချုပ်က နောက်ထပ်ပြုလုပ်မည့် တရားခွင် စစ်ဆေးမှုများသို့ ဗိုလ်ချုပ်ကြီးဟောင်း မူရှာရက်ဖ်အနေဖြင့် မပျက်မကွက် လာရောက်ရမည်ဟု အမိန့်ထုတ်ပြန်လိုက်ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက တရားခွင်သို့ လာရောက်ချိန် နောက်ပိုင်း မူရှာရက်ဖ်သည် ရင်ခေါင်းဆိုင်ရာ ဝေဒနာဖြင့် ဆေးဝါးကုသမှုခံယူနေရဆဲဝင် ဖြစ်သည်။

ကြားနာမည်

၎င်း၏ အမှုအား ထပ်မံကြားနာစစ်ဆေးမည့် ဇန်နဝါရီ ၆ရက်ကို ရောက်လာနိုင်ရန် စစ်အာဏာရှင်ခေါင်းဆောင်ဟောင်း မူရှာရက်ဖ်၏ ဆေးဘက်ဆိုင်ရာ မှတ်တမ်းများ၌ မည်သည့်အကြောင်းပြချက်မျှ အခိုင်အမာ မရှိကြောင်း ပါကစ္စတန် အစိုးရရှေ့နေများက ပြောကြားသည်။

မူရှာရက်ဖ်အား ရုံးထုတ်ကာ ကြားနာစစ်ဆေးမှုများ ပြုလုပ်ရာတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ ရှိခဲ့သည်။ မူရှာရက်ဖ်သည် ပါကစ္စတန်နိုင်ငံတွင် ၎င်းအုပ်ချုပ်စဉ်ကာလ ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ပထမဆုံး တရားစွဲဆိုခြင်းခံရသော စစ်ခေါင်းဆောင်ဟောင်းတစ်ဦး ဖြစ်သည်။

ပါဗက်ဇ်မူရှာရက်ဖ်သည် ၎င်းကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ၎င်း၏ ကျန်ရှိသော သက်တမ်းအား အကျဉ်းထောင်အတွင်း၌ဝင် ကုန်လွန်သည်အထိ ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိသည်။ ဘီဘီစီ။

အစွမ်းရေးလုပ် တိကျပဲ့ထိန်းဒုံးကျည်များ တောင်ကိုရီးယား ထပ်မံဝယ်ယူမည်

ဆိုးလ် ဇန်နဝါရီ ၉

တောင်ကိုရီးယားနိုင်ငံသည် အစွမ်းရေးလုပ် စပိုက်အမျိုးအစား ဒုံးကျည်များကို ထပ်မံဝယ်ယူမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၉ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံ၏ ဒုံးကျည်ထုတ်လုပ်ရေးကုမ္ပဏီနှင့် မိမိတို့ မကြာသေးမီက သဘောတူညီချက်ရရှိခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

စပိုက်အမျိုးအစား ဒုံးကျည်သည် တိကျပဲ့ထိန်းဒုံးကျည်ဖြစ်ပြီး ပြတင်းပေါက်အရွယ်ရှိ ပစ်မှတ်ကို [illegible] ကီလိုမီတာ အကွာပေးမှ မှန်ကန်တိကျစွာ ပစ်ခတ်နိုင်စွမ်းရှိသည်ဟု ဆို၏။

တောင်ကိုရီးယားနိုင်ငံသည် အစ္စရေးနိုင်ငံထံမှ စပိုက်ဒုံးကျည်များကို ယခင်ကလည်း ဝယ်ယူခဲ့ပြီး လွန်ခဲ့သည့်နှစ် မေလက စတင်ဖြန့်ကြက်ခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင် ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့ပြီး စစ်ရေးပြအခမ်းအနားတစ်ရပ်တွင် ပြသခဲ့ကြောင်း ကာကွယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

[illegible] အခမ်းအနားတွင် အစ္စရေးလုပ်ဒုံးကျည်များကို ပြသစဉ်။

[illegible]

တောင်ကိုရီးယားနိုင်ငံသည် ယခုအခါ စပိုက်ဒုံးကျည်များကို ဝင်လယ်ဝါ အတွင်းရှိ ယမြောက်ကျွန်းနှင့် ဘန်ညောင်ကျွန်းတို့၌ ဖြန့်ကြက်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်က ၎င်း၏ နယ်စပ်မှ မဝေးကာသော [illegible] ယုမြောင်ကျွန်းကို အမြောက်ဖြင့် ပစ်ခတ်ခဲ့ရာ တောင်ကိုရီးယား စစ်သည်လေးဦး သေဆုံးခဲ့ရသည်။

[illegible]

အလက်ပိုမြို့ကို အစိုးရတပ်ဖွဲ့ တိုက်ခိုက်မှု သမ္မတ ဘရားအယ်လ်အာဆတ်ဘက်မှ ရုရှားကာကွယ်

ကလသမဂ္ဂ ဇန်နဝါရီ ၉

အလက်ပိုမြို့နေပြည်သူများအား ဆီးရီးယားအစိုးရတပ်ဖွဲ့က လေကြောင်းအင်အားသုံး တိုက်ခိုက်ခြင်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာမှုအား ရုရှားနိုင်ငံက တားဆီးပိတ်ပင်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အလက်ပိုမြို့အား လေကြောင်းမှ တိုက်ခိုက်မှုတွင် ဆီးရီးယားသမ္မတ ဘရားအယ်လ်အာဆတ်က တိုင်ကီဗုံးများနှင့် စကဒ်ဒုံးကျည်များပါ ကြဲချ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် မြို့နေပြည်သူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

ဗြိတိန်နိုင်ငံက ကြိုးချုတင်သွင်းသော အဆိုပါ ကြေညာချက်အစား အလက်ပိုမြို့တွင် ဘာတွေဖြစ်ခဲ့သလဲဟုသော ရည်ညွှန်းစာသားဖြင့် ပြင်ဆင်ချက်ဖြည့်စွက်ရန် ရုရှားကိုယ်စားလှယ်အဖွဲ့က တကတွန်းအားပေးခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ သံတမန်တစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့်လအတွင်းက အမေရိကန်ကတင်သွင်းသော ဆုံးဖြတ်ချက်မူကြမ်းကိုလည်း ဆီးရီးယား၏ အဓိက မဟာမိတ် ရုရှားက တားဆီးခဲ့သည်။ ဘီဘီစီ။

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့၌ တိုက်ခိုက်မှုများ ဖြစ်ပွားစဉ်။

ဂျပန်အလယ်ပိုင်းရှိ ဓာတုပစ္စည်းစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား ငါးဦးထက်မနည်းသေဆုံးပြီး ၁၂ဦးဒဏ်ရာရ

တိုကျို ဇန်နဝါရီ ၉

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ဇန်နဝါရီ ၉ရက်က ဓာတုပစ္စည်းများထုတ်လုပ်သည့် စက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်းသေဆုံးပြီး ၁၂ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။ဂျပန်နိုင်ငံ မေအီပြည်နယ် ယောက်ကိုင်ချီမြို့ရှိ မစ်ဆူဘီရှီကမ္ဘဏီပိုင် စက်ရုံတွင် ယနေ့မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆီလီကွန်ထုတ်ကုန်များ ထုတ်လုပ်နေသည့် စက်ရုံတွင်းတစ်နေရာတွင် ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများက သန့်ရှင်းရေးပြုလုပ်ရာ၌ အပူချိန်ကိရိယာများ သုံးစွဲဆောင်ရွက်ခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

သန့်ရှင်းရေးပြုလုပ်ရာ၌အသုံးပြုသော ရေနှင့် ဓာတုပစ္စည်းအကြွင်းအကျန်များ ရောနှောမိရာမှ ဓာတ်ပြောင်းလဲမှုဖြစ်ကာ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး ပေါက်ကွဲမှုဖြစ်ပွားရသည်ဟုဆိုသည်။

အဆိုပါစက်ရုံသည် အငွေ့ပျံနှုန်းမြင့်မားသော ဓာတုဓာတ်ငွေ့များနှင့် ပိုလီမာများကိုအသုံးပြုကာ ထုတ်လုပ်မှုများ လုပ်ဆောင်နေခြင်းဖြစ်ပြီး ၎င်းစက်ရုံမှ အသုံးပြုသည့် ဓာတုငွေ့များတွင် ဟိုက်ဒရိုဂျင်နှင့် ကလိုရင်းဓာတ်ငွေ့များလည်း ပါဝင်သည်ဟုဆိုသည်။ ဘီဘီစီ။

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာနိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ဂျာမနီသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂျာမနီသမ္မတနိုင်ငံ သမ္မတ ဂျိုဝါကင်း ဂေါက်ခ်ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများ အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ဂျာမနီနိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှု နှစ်(၆၀)ပြည့် အထိမ်း အမှတ်တွင် မြန်မာနိုင်ငံသို့ မိမိလာရောက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့ တွေ့ဆုံဆွေးနွေးမှုတွင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆက်လက်ထောက်ခံနိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိရန်သာမက နှစ်နိုင်ငံဆက်ဆံရေးကိုပါ တိုးမြှင့်သွားနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

အီတလီသမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီး နှင့် မြန်မာပြည်သူများ ရွှင်လန်းချမ်းမြေ့ပါစေဟု အီတလီပြည်သူများကိုယ်စား ဆုတောင်းမေတ္တာပို့သပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ဆက်ဆံရေးသည် တိုးတက် ကောင်းမွန်လျက်ရှိပြီး အထူးသဖြင့် အဆွေတော်သမ္မတကြီး လွန်ခဲ့သည့်နှစ မတ်လအတွင်းက အီတလီနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့မှုနှင့် [illegible] နိုင်ငံ၏ အပြုသဘောဆောင်သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆောင်ရွက် ချက်များကြောင့် ပိုမိုတိုးတက်လာပါကြောင်းနှင့် ၂၀၁၄ ခုနှစ်တွင် မိမိတို့ နှစ်နိုင်ငံ၏ဆက်ဆံရေးသည် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ပေးပို့သော အီတလီသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဂျော်ဂျီ ယိုနာပိုလီတာနို၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဆလိုဗေးနီးယားသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဆလိုဗေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာဘိုရွတ်ပါဟော်မှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်သမ္မတကြီး ရွှင်လန်းချမ်းမြေ့ပါစေ ဟု ဆလိုဗေးနီးယားပြည်သူများကိုယ်စား မိမိက ဆုမွန်ကောင်းတောင်းပါကြောင်း နှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍ စုံတွင် တိုးတက်ခိုင်မာလိမ့်မည်ဖြစ်ကြောင်း၊ အဆွေတော်သမ္မတကြီးအတွက် ပျော်ရွှင် ဖွယ်ရာ နှစ်သစ်ဖြစ်ပါစေကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ဖွံ့ဖြိုး တိုးတက်ပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြထားသည်။

ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာရိုဇန်ပလဲဗ်နီလီဗ်မှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်သမ္မတကြီး ကျန်းမာပျော်ရွှင် အောင်မြင်ပါစေဟု ဘူလ်ဂေးရီးယားပြည်သူများကိုယ်စား ဆုမွန်ကောင်း တောင်းပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုများကို ဘူလ်ဂေးရီးယားနိုင်ငံက ထောက်ခံပါကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လူမှုရေး တရားမျှတမှုနှင့် စီးပွား[illegible]များ[illegible] အကြံများက မျှဝေပေးရန် အဆင်သင့်ရှိပါကြောင်း၊ မြန်မာအစိုးရ၏ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်း ကြိုးပမ်းဆောင်ရွက်မှုနှင့် ဥရောပသမဂ္ဂနှင့် ခိုင်မာသည့် ဆက်ဆံရေးတည်ဆောက်မှုများအပေါ် ဘူလ်ဂေး ရီးယားနိုင်ငံက ကြိုဆိုထောက်ခံပါကြောင်း ဖော်ပြထားသည်။

ပိုလန်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘရွန်နစ်လော ကိုမိုရိုစကီးမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်သမ္မတကြီးအတွက် ပိုလန် ပြည်သူများကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်မှုများကို ပိုလန်နိုင်ငံက အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် ထောက်ခံအားပေးပါကြောင်းနှင့် အတွေ့အကြုံများမျှဝေရန် ဆန္ဒရှိပါကြောင်းနှင့် ကမ္ဘာ့အသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံ ပြန်လည်ဝင်ဆံ့လာသည့်အတွက် ကျေနပ်ပီတိဖြစ်ရပါကြောင်း ဖော်ပြထားသည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထ နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။(အောက်ပုံ)

နံနက်ပိုင်းမှစတင်၍ မဏိရတနာ ကျောက်စိမ်းခန်းအတွင်းတွင် ကျောက်စိမ်းအသားကျောက် အတွဲအမှတ် (၁) မှ အတွဲအမှတ် ၁၄၀၀ ထိ တင်သွင်းခဲ့သည့် တင်ဒါများက ဖွင့်ဖောက်စစ်ဆေးပြီး တင်ဒါအောင်မြင်သူများက ထုတ်ပြန် ကြေညာရောင်းချလျက်ရှိရာ တင်ဒါ တင်သွင်းထားသည့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များဖြင့် စည်ကားလျက် [illegible]

မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်တွင်လည်း ကျောက်မျက် ရတနာကုန်သည်များ လုပ်ငန်းရှင်များ သည် ကျောက်စိမ်းအတွဲအမှတ် ၁၄၀၁ မှ ၂၈၃၉ ထိ ကျောက်စိမ်းအတွဲများက ဈေးနှုန်းအဆိုပြုလာ တင်သွင်း[illegible] သတ်မှတ်[illegible]ယာအလိုက် ခင်းကျင်း ပြသထားသည့် ကျောက်စိမ်းတွဲများ ကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ကြည့်ရှုစစ်ဆေးပြီး တင်ဒါများတင်သွင်း ကြသည်။

ဇန်နဝါရီ ၁၀ ရက်တွင် ကျောက် စိမ်းအတွဲအမှတ် ၁၄၀၁ မှ ၂၈၃၉ ထိ

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၉

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(၁) ဦးတင်ထွန်း	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
(၂) ဒေါက်တာမျိုးသိမ်းကြီး	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ [illegible] ပညာရေးဝန်ကြီးဌာန
(၃) ဦးကိုကိုတင်	ညွှန်ကြားရေးမှူးချုပ် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး [illegible] ပညာရေးဝန်ကြီးဌာန
(၄) ဦးကျော်စွာစိုး	ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(၅) ဦးဝင်းခိုင်မိုး	ညွှန်ကြားရေးမှူးချုပ် မြန်မာသိပ္ပံနှင့်နည်းပညာသုတေသန [illegible] သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ရေလမ်းကြောင်းသတိပေးနိုးဆော်ချက်

ဘုရင့်နောင်တံတား အမှတ်(၂)စီမံကိန်း သံပေါင်တပ်ဆင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း (Temporary Support)လုပ်ငန်းများဆောင်ရွက်ရန် မရမ်းကုန်းဘက်ကမ်းရေလမ်းကြောင်း တိုင်အမှတ် RP-2 နှင့် RP-3 ကြားအား (၁၆. ၁. ၂၀၁၄)ရက်နေ့မှ စတင်၍ ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လှိုင်သာယာဘက်ကမ်း ရေလမ်းကြောင်း တိုင်အမှတ် RP-4 ၊ RP-5 ကြားအား (၁. ၂. ၂၀၁၄)ရက်နေ့မှ စတင်၍ ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ် ပါသည်။

ရေလယ်ခန်းဖွင့် RP-3 နှင့် RP-4 ကြားအား ရေယာဉ်များသွားလာရန် ဖွင့်ပေးထားမည်ဖြစ်ပြီး ရေလမ်းကြောင်း ဖွင့်ထားစဉ်အတွင်း အောက်ဖော်ပြပါ စည်းကမ်းများအား လိုက်နာဆောင်ရွက်ရပါမည်။

(၁) ည (၆း၀၀)နာရီမှ နံနက် (၆း၀၀)နာရီအတွင်း မည်သည့် ရေယာဉ်မျှဖြတ်သန်းသွားလာခြင်း မပြုရ။
(၂) တွဲပါသည့် ရေယာဉ်များ အဆန်သာဖြတ်ရန်။
(၃) တံတား၏အထက် (၁၀၀၀)မီတာနှင့် အောက်ဘက် (၁၀၀၀)မီတာ တို့တွင် (Check Point)များ ထားရှိထားပြီး ရေဆန်စောင့်ဆိုင်းသည့် ရေယာဉ်များ ၄င်းနေရာမှ ကျော်လွန်ရပ်ထားခြင်း မပြုရ။
(၄) လူးချင်း စကတပ် ၁၀၀ ပေ အောက်ရေယာဉ်များ(Check Point)သို့ သတင်းပို့ပြီး ခွင့်ပြုချက် ရယူ၍ အစုန်/အဆန် ဖြတ်ခွင့်ပြုသည်။
(၅) ရေယာဉ်ကြံ့ခိုင်ရေး၊ ရေယာဉ်အထောက်အကူပြုမည့် ပစ္စည်းများ ပြည့်စုံစေရေးနှင့် ကျွမ်းကျင်ရေယာဉ်မောင်းများသာမောင်းနှင်ရေး တို့အား ရေယာဉ်ပိုင်ရှင်များမှ အထူးအလေးထားဆောင်ရွက်ရန်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လုပ်သားအင်အားအကြောင်းအရာ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ လမ်းစဉ်များ၊ စီမံကိန်းများနှင့် အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များကို အသင့်တော်ဆုံး၊ အကောင်းဆုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသုံးချနိုင်ရေးအတွက် လူအင်အားစီမံကိန်း (Manpower Planing) သည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ထိုစီမံကိန်းများ၊ အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် လူထု၏ အကြောင်းအရာအချက်အလက်များကို ဦးစွာသိရှိရန် လိုအပ်ပါသည်။ ယင်းလူဦးရေဆိုင်ရာ အချက်အလက်များတွင် လူဦးရေ၊ တည်နေရာ၊ အသက်၊ ကျား/မ၊ စာတတ်မြောက်မှု၊ အလုပ်လုပ်ကိုင်မှု၊ မွေးဖွားမှု၊ သေဆုံးမှုနှင့် ပြောင်းရွှေ့သွားလာမှု စသည်တို့သည် အရေးကြီးသည့် စာရင်းအင်းအချက်အလက်များပင်ဖြစ်ပါသည်။ ယင်းစာရင်းအင်းအချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းနှင့် စစ်တမ်းများ ကောက်ယူခြင်းတို့မှသာ ရရှိမည်ဖြစ်သည်။

"လူဦးရေ" တွင် ငယ်ရွယ်သူများ (Young Population)၊ အလုပ်လုပ်နိုင်သည့်အသက်အပိုင်းရှိ လူဦးရေ (Working Age Population) နှင့် သက်ကြီးရွယ်အို (Old Age Population)ဟူ၍ သုံးမျိုးပါဝင်သည်။ အလုပ်လုပ်နိုင်သည့် အသက်အပိုင်းရှိ လူဦးရေတွင် လုပ်သားအင်အားတွင်ပါဝင်သူ (Labour Force) နှင့် လုပ်သားအင်အားတွင် မပါဝင်သူ (Not in Labour Force)တို့ ပါဝင်သည်။ လုပ်သားအင်အားတွင်ပါဝင်သူများ (Labour Force) သည် အလုပ်လုပ်ကိုင်သူများ (Employment) နှင့် အလုပ်လုပ်ရန် ရည်ရွယ်သူများ၊ အလုပ်ရှာဖွေနေသူများ၊ တစ်နည်းအားဖြင့် အလုပ်လက်မဲ့များ (Unemployment) တို့ဖြစ်ကြသည်။ လုပ်သားအင်အားတွင် မပါဝင်သူ (Not in Labour Force) များမှာ ကျောင်းသား ကျောင်းသူများ၊ အိမ်မှုကိစ္စ အလုပ်လုပ်သူများ၊ သာသနာ့ဝန်ထမ်း၊ ကုသိုလ်ဖြစ် လုပ်ငန်းနှင့် ဘာသာရေးလုပ်ငန်းတို့တွင် လုပ်ကိုင်သူများ၊ အလုပ်မလုပ်နိုင်သည့် မသန်စွမ်းသူများ၊ စိတ်ပေဒနာရှင်များ၊ အကျဉ်းသားများနှင့် မှီခိုထောက်ပံ့မှု ရရှိသဖြင့် အလုပ်မလုပ်သူများ စသည်တို့ဖြစ်ကြပါသည်။

အလုပ်အကိုင် (Occupation) ဆိုသည်မှာ အသက်မွေးဝမ်းကျောင်းအတွက် ငွေ သို့မဟုတ် ပစ္စည်းရရှိရန် လုပ်ကိုင်သော အလုပ်အကိုင်ဖြစ်ပါသည်။ မိသားစုပိုင် လုပ်ငန်းတွင် လုပ်ခမယူဘဲ လုပ်ကိုင်သော အိမ်ထောင်စုဝင်များ၏ အလုပ်အကိုင်ကိုလည်း အလုပ်လုပ်သည်/ အလုပ်အကိုင်ရှိသည်ဟု သတ်မှတ်ပါသည်။ ဥပမာအားဖြင့် မိသားစု လယ်ယာလုပ်ငန်းတွင် လုပ်ခမကောက်စိတ်သည့် [illegible] မိသားစုပိုင် ဈေးဆိုင်တွင် ဈေးဝိုင်းကူရောင်းချပေးသူ စသည်တို့သည် အလုပ်အကိုင်ရှိသူပင်ဖြစ်သည်။ ဘာသာရေးလုပ်ငန်း (သို့) စေတနာ့ဝန်ထမ်းလုပ်ငန်းတို့တွင် လုပ်အားခရသည့် ဝန်ထမ်းသည်လည်း အလုပ်အကိုင်ရှိသူပင်ဖြစ်သည်။

လူအင်အားစီမံကိန်းများရေးဆွဲရာ၌ အလုပ်အကိုင် (Occupation) နှင့် ဌာနလုပ်ငန်း (Industry) ဆိုင်ရာ စာရင်းအင်း အချက်အလက်များသည် အခြေခံအကျဆုံး ဖြစ်ပါသည်။ အလုပ်သမားနှင့် ပတ်သက်၍ လူဦးရေသန်းခေါင်စာရင်းများ၌ မေးမြန်းစာရင်းကောက်ယူရာတွင် အဓိပ္ပာယ်သတ်မှတ်ချက် သုံးမျိုးရှိပါသည်။ ပထမသတ်မှတ်ချက်မှာ Gainful Worker Concept ဖြစ်သည်။ ယင်းသတ်မှတ်ချက်အရ အရွယ်ရောက်ပြီးသူတစ်ဦးသည် တစ်ချိန်တစ်ခါတွင် အခကြေးငွေရရှိသော အလုပ်လုပ်ကိုင်ခဲ့ဖူးပါက အလုပ်သမားဟူ၍ ယူဆခြင်းဖြစ်ပါသည်။ သန်းခေါင်စာရင်းကောက်ယူချိန်တွင် ယင်းပုဂ္ဂိုလ်သည် အမှန်တကယ် အလုပ်လုပ်ကိုင်လျက်ရှိနေရန် မလိုပေ။

ဒုတိယသတ်မှတ်ချက်မှာ Labour Force Concept ဖြစ်သည်။ ယင်းသတ်မှတ်ချက်အရ အရွယ်ရောက်ပြီးသူ တစ်ဦးသည် သတ်မှတ်ထားသောကာလ ၇ ရက်၊ ၁၄ ရက် အတွင်း အခကြေးငွေဖြင့် အလုပ်လက်ရှိလုပ်ကိုင် နေပါက အလုပ်သမားဟု ယူဆခြင်းဖြစ်ပါသည်။ တတိယသတ်မှတ်ချက်မှာ Census Year Concept ဖြစ်သည်။ ယင်းသတ်မှတ်ချက်မှာ သန်းခေါင်စာရင်းနှစ်အတွင်း အခကြေးငွေဖြင့် အလုပ်လုပ်ဖူးသူများကို အလုပ်သမားဟု ယူဆခြင်းဖြစ်ပါသည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းတွင် ယင်းသတ်မှတ်ချက် [illegible] မျိုးအနက် ဒုတိယသတ်မှတ်ချက်ပေါ် မူတည်၍ အလုပ်အကိုင်နှင့် လုပ်ငန်းအကြောင်းအရာကို မြန်မာနိုင်ငံတွင် စာရင်းတင်ခဲ့ကြောင်း မှတ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။ အချို့နိုင်ငံများတွင် အထက်ဖော်ပြပါ သတ်မှတ်ချက်များအနက် တစ်မျိုးမျိုးပေါ်တွင်လည်းကောင်း၊ နှစ်မျိုးနှစ်စားပေါင်းစပ်၍ လည်းကောင်း အလုပ်သမားအဖြစ် သတ်မှတ်ဆောင်ရွက်ကြပါသည်။ အလုပ်သမားများအား အလုပ်အကိုင်အမည်ကိုသာမက ဌာန၊ လုပ်ငန်းအမည်ပါ ရေးသွင်းစာရင်းကောက်ယူရပါသည်။ အလုပ်အကိုင်သည် လူတစ်ဦးချင်းနှင့်ပတ်သက်၍ လုပ်ငန်းမှာမူ လုပ်သားအဖွဲ့အစည်းနှင့် သက်ဆိုင်ပါသည်။ ဥပမာ-ပြည်သူ့အင်အားဦးစီးဌာနတွင် ကားမောင်းနေသူတစ်ဦး၏ အလုပ်အကိုင်မှာ ယာဉ်မောင်းဖြစ်ပါသည်။ ၎င်း၏ လုပ်ငန်းမှာမူ [illegible] အင်အားဦးစီးဌာနဖြစ်ပါသည်။ ထိုအတူ လယ်သမားတစ်ဦး၏ အလုပ်အကိုင်မှာ လယ်သမား (သို့) လယ်ယာလုပ်ကိုင်သူဖြစ်ပြီး ၎င်း၏လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ လူတစ်ဦးချင်းတွင် အလုပ်အကိုင်တသော်လည်း ဌာနလုပ်ငန်းအမျိုးအစားကွဲပြားသည်များလည်းရှိသည်။ လုပ်သားအင်အားအကြောင်းအရာတွင် အလုပ်အကိုင်၊ လုပ်ငန်းများနှင့် ဆက်စပ်၍ အလုပ်မလုပ်သူဦးရေ၊ အလုပ်မလုပ်သည့် အကြောင်းအရင်းများ၊ လုပ်သားအမျိုးအစား စသည်ဖြင့် လိုအပ်သလို မေးခွန်းများ ထည့်သွင်းကောက်ယူကြပါသည်။ လေ့လာဆန်းစစ်ရာတွင် လုပ်သားအင်အား ပါဝင်နှုန်းများ (Labour Force Participation Rate) ကို တွက်ချက်ဖော်ပြလေ့ရှိ၏။

ယခုအခါ မြန်မာနိုင်ငံတွင် လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များ [illegible] နိုင်ငံတော်အစိုးရမှ ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ [illegible] ၁၀ ရက်အထိ စုစုပေါင်း ၁၂ ရက်ကြာ ဖြည့်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူပါမည်။ ယင်းအချက်အလက်များထဲတွင် လုပ်သားအင်အားအကြောင်းအရာသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယင်းတွင် လွန်ခဲ့သော ၁၂ လအတွင်း အလုပ်လုပ်ကိုင်မှုအခြေအနေ၊ အလုပ်အကိုင်နှင့် လုပ်ငန်း၊ လုပ်သားအမျိုးအစား၊ အလုပ်မလုပ်သည့်အကြောင်းအရင်း စသည်တို့ ပါဝင်ပါသည်။ ယင်းလုပ်သားအင်အားဆိုင်ရာ အကြောင်းအရာများအား နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ နိုင်ငံတကာ အလုပ်အကိုင်သင်္ကေတများ (International Standard Classification of Occupation- ISCO)နှင့် လုပ်ငန်းသင်္ကေတများ (International Standard Industrial Classification of All Economic Activities- ISIC)တို့ကို အသုံးပြု၍ ဆောင်ရွက်ရပါသည်။ ယင်းအချက်အလက်များမှ မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေပြုရေး၊ အဆင့်မြင့်အရာရှိများနှင့် မန်နေဂျာများ၊ ပညာရှင်များ၊ နည်းပညာရှင်များ၊ စာရေးများ၊ ဝန်ဆောင်မှုလုပ်သားများ၊ ဈေးနှင့် ဈေးဆိုင်အရောင်းလုပ်သားများ၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းလုပ်သားများ၊ လက်မှုပညာနှင့် ဆက်စပ်လုပ်သားများ၊ စက်ကိရိယာ၊ စက်မောင်းလုပ်သားများနှင့် တပ်ဆင်လုပ်သားများ၊ အလင်္ကာကြမ်းသမားများနှင့် အခြေခံအလုပ်အကိုင်လုပ်ကိုင်သူများ အစရှိသဖြင့် မည်သည့်လုပ်ငန်းခွင်တွင် မည်သည့်လုပ်အားပါဝင်နေသည်ကို လေ့လာဆန်းစစ်နိုင်မည်ဖြစ်ပြီး လုပ်ငန်းခွင်ရှိ လူဦးရေကို လုပ်ငန်းအမျိုးအစား (Industry Sector)အလိုက် လယ်ယာသားငါးကဏ္ဍ (Primary Sector)၊ စက်မှုကဏ္ဍ (Secondary Sector) နှင့် ဝန်ဆောင်မှုကဏ္ဍ (Tertiary Sector)စသည်ဖြင့်လည်း လေ့လာဆန်းစစ်နိုင်မည်ဖြစ်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော သတင်းအချက်အလက်မြောက်မြားစွာရရှိသည့် အလွန်အရေးကြီးသော စာရင်းကောက်ယူခြင်းပင်ဖြစ်ပါသည်။ မည်သည့်နေရာမဆို လူကသာ လုပ်ဆောင်ရသည်ဖြစ်၍ မိမိနိုင်ငံအတွင်း လူအင်အားအရင်းအမြစ် မည်မျှရှိသည်၊ အသုံးချနိုင်သည်ကို သိရှိခြင်းဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေများပြားနေသည့်အခြေအနေ၊ တစ်နည်းအားဖြင့် တစ်ချိန်က မွေးနှုန်း မြင့်မားခဲ့သည့်အတွက် လူဦးရေဆုလာဘ် (Demographic Bonus)ရရှိနေသည့် ကာလလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် အစွမ်းကုန်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတွင်းရှိ ကျွမ်းကျင်ပညာရှင် လူ့အင်အား၊ လုပ်သားအင်အားပါဝင်မှု အချိုးအစား မြင့်တက်လာခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို ပိုမိုမြင့်တင်နိုင်မည်ဖြစ်သည်။ ထို့အတူ အလုပ်အကိုင်မရှိသူများ အရေအတွက် သိရှိခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် လုပ်သားအင်အားဆိုင်ရာ မူဝါဒများရေးဆွဲနိုင်ခြင်း၊ မိမိနိုင်ငံ၏ လူအင်အားနှင့် အလုပ်အကိုင်မည်မျှ လိုအပ်သည်ကို နှိုင်းယှဉ်ချိန်ဆနိုင်ခြင်းနှင့် အနာဂတ်အတွက် မည်သည့်ကဏ္ဍတွင် လုပ်သားအင်အား မည်မျှလိုအပ်သည်ကို ခန့်မှန်းနိုင်ခြင်း၊ ဒေသအသီးသီးတွင် ကျွမ်းကျင်လုပ်သား လိုအပ်ချက်များ၊ လေ့ကျင့်ပေးရမည့် ဘာသာရပ်နှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ မည်မျှလိုအပ်မည်ကို ခန့်မှန်းတွက်ချက်ဖော်ထုတ်နိုင်ခြင်းနှင့် လက်ရှိနှင့် အနာဂတ်တွင် လိုအပ်သည့်ဝန်ဆောင်မှုများကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ခြင်း စသည်တို့သည် နိုင်ငံဖွံ့ဖြိုးမှုလုပ်ငန်းများကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ထို့ကြောင့် သန်းခေါင်စာရင်းမှရရှိသည့် ရလဒ်များသည် မဝေးတော့သည့်ကာလအတွင်း သင်တို့၊ ကျွန်ုပ်တို့အားလုံးအတွက် အကျိုးရှိမည်ဖြစ်သဖြင့် အလွန်အရေးပါကြောင်းနှင့် မိမိတို့နိုင်ငံအတွက် များစွာ အသုံးဝင်မည့် လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို မကြာမီအချိန်တွင် လက်ဝယ်ရရှိတော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဘာသာပေါင်းစုံလူငယ်များ ကွန်ရက်ပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၉

Multi - Religions Youth Gathering အမည်ရှိ ဘာသာပေါင်းစုံလူငယ်များကွန်ရက်ငြိမ်းချမ်းခြင်းအတွက် စုရုံးပွဲ (Interfaith Youth Network of Religions For Peace, Myanmar) ကို ဇန်နဝါရီ ၅ [illegible] ၄ [illegible] ည ၈ နာရီထိ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ Archbishop's House ၌ ကျင်းပရာ အဆိုပါပွဲသို့ ဗုဒ္ဓဘာသာကိုယ်စားပြု ဆရာတော် ဒေါက်တာ အရှင်ဦးပညာသိဟ၊ အစ္စလာမ်ဘာသာကိုယ်စားပြု ဦးအေးလွင်၊ ခရစ်ယာန်ဘာသာကိုယ်စားပြု [illegible] မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ ဒေါက်တာစောလှုံဘွား နှင့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်မ Charles Bo၊ ဟိန္ဒူဘာသာကိုယ်စားပြု ဓမ္မဆယ ဦးစန်းမင်းနိုင်တို့က တက်ရောက်အမှာစကား ပြောကြားကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာကြသော ဘာသာပေါင်းစုံ ကိုယ်စားပြုခေါင်းဆောင်များနှင့် ဧည့်ဝရိသတ်များက တစ်မိနစ်ခန့် ငြိမ်သက်စွာ [illegible] RFP လူငယ်များက အဖွဲ့လိုက် တေးသီချင်းများ သီဆိုကြကာ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တေးသံရှင် ကိုစောဖိုးခွားက တေးသီချင်းများ သီဆိုပေးခြင်း၊ ကကသလစ Kachin Youth အဖွဲ့မှ အကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တေးသံရှင်အဆိုတော် နေလနှင့် အဆိုတော် ကြယ်စင်တို့က မေတ္တာမြင် ဖျော်ဖြေသီဆိုပေးခြင်း၊ RFP လူငယ်များမှ အဖွဲ့လိုက သရုပ်ဖော်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရပြီး သက်ဆိုင်ရာ ဘာသာရေးကိုယ်စားပြုခေါင်းဆောင်များနှင့် ဖျော်ဖြေတင်ဆက်ကြသူများအား ဘာသာပေါင်းစုံလူငယ်များကွန်ရက်မှ အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယခုပြုလုပ်သော ဘာသာပေါင်းစုံလူငယ်များကွန်ရက် ငြိမ်းချမ်းခြင်းအတွက် စုရုံးပွဲ(Interfaith Youth Network of Religions for Peace, Myanmar) ကို ပြုလုပ်ရခြင်းမှာ လူငယ်များ အခြားသော ဘာသာများ [illegible] ယုံကြည်မှုနှင့် ကိုးကွယ်မှုကို ရိုးရိုးသားသား လေးစားတတ်ရန်နှင့် ဘာသာရေးအကြောင်းအရာများကို သင်ယူရန်အတွက်လည်းကောင်း၊ ဘာသာပေါင်းစုံလူငယ်များ၏ (RFP YOUTH) စိတ်နေသဘောထားများကို ထုတ်ဖော်ပြရန်လည်း လူတိုင်းပိုင်ဆိုင်သည့် ငြိမ်းချမ်းခြင်းကို ဖော်ဆောင်မြှင့်တင်ရန်အတွက်လည်းကောင်း ပြုလုပ်ကြောင်း သိရပြီး အဆိုပါဘာသာပေါင်းစုံလူငယ်များကွန်ရက် (Interfaith Youth Network) ကို ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဖြစ်သော Global Interfaith Youth Network ကွန်ရက်အဖွဲ့၊ အာရှဘာသာရေး ပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့၊ ငြိမ်းချမ်းရေးကို လိုလားသော ဘာသာပေါင်းစုံ လူငယ်ကွန်ရက် အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့နှင့် မြန်မာ၌ရှိသော RELIGIONS FOR PEACE MYANMAR အဖွဲ့များမှ ဦးဆောင်ကာ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ၌ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူဘာသာအသီးသီးမှ လူငယ်စုစုပေါင်း ၃၁ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ (ဝ၄ဝ)

မကွေးမြို့တွင် နိုင်ငံကူးလက်မှတ် အလွယ်တကူလျှောက်ထားနိုင်

မကွေး ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် နိုင်ငံကူးလက်မှတ်များအလွယ်တကူ လျှောက်ထားနိုင်ရန် မကွေးမြို့ ရွာသစ်ရပ်ကွက် တိုင်းပြည်သူ့ဆေးရုံကြီးလမ်း သတင်းတပ်ဖွဲ့မှူးရုံး၌ ဇန်နဝါရီ ၂ ရက်မှ စတင်ဖွင့်လှစ်၍ နိုင်ငံကူးလက်မှတ် လျှောက်ထားနိုင်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲသို့ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် အဖွဲ့ဝင်များရောက်ရှိ၍ နိုင်ငံကူးလက်မှတ်ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများ နိုင်ငံကူးလက်မှတ်များ အလွယ်တကူ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လမ်းညွှန်မှာကြားခဲ့သည်။

ယခင်က နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို ရန်ကုန်နှင့် မန္တလေးရုံးခွဲမှ ထုတ်ပေးရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒေသခံပြည်သူများ စရိတ်အကုန်အကျသက်သာ၍ လွယ်ကူချောမွေ့စွာ လျှောက်ထားထုတ်ယူနိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ လျှောက်ထားနိုင်သည့် နိုင်ငံကူးလက်မှတ်မှာ ခုနစ်မျိုးရှိကြောင်း၊ အလည်ခရီးသွားရောက်လိုသူများ (PV)၊ အလုပ်အကိုင်ဖြင့် သွားရောက်လိုသူများ (PJ)၊ ပညာသင်သွားရောက်မည့်သူများ (PE)၊ စီးပွားရေးလုပ်ငန်းရှင်များ (PB)၊ ဘာသာရေးကိစ္စ (PR)၊ မှီခိုလိုက်ပါမည့်သူများ (PD)နှင့် သင်္ဘောသားများ (PS) စသည်တို့ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးသတင်းတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးခင်မောင်ဝင်း၏ ပြောကြားချက်အရ သိရသည်။

နိုင်ငံကူးလက်မှတ်လျှောက်ထားလိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း(မူရင်း)များကို ယူဆောင်လာရန်နှင့် သက်တမ်းတိုးမည့်သူများသည် နိုင်ငံကူးလက်မှတ်(အဟောင်း)ယူဆောင်လာရမည်။ ပုံမှန်လျှောက်ထားသူများသည် လျှောက်ထားသည့်နေ့မှစ၍ ၁၀ ရက် ပြည့်လျှင်ထုတ်ယူနိုင်ကြောင်း၊ နိုင်ငံခြားသို့ ဆေးကုသသွားမည့်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ငါးရက်ခန့်ဖြင့် ထုတ်ယူနိုင်ကြောင်း၊ လျှောက်ထားသူများ ကုန်ကျမည့်ငွေ စုစုပေါင်း ကျပ် နှစ်သောင်းငါးထောင်ဖြစ်ကြောင်း၊ မှနလစာအပ်ဖိုး (မြန်မာ့စီးပွားရေးဘဏ်သို့) ကျပ် ၁၉၀၀၀၊ online ဝန်ဆောင်ခ ကျပ် ၁၀၀၀၊ ဓာတ်ပုံဖိုး ကျပ် ၂၀၀၀၊ ဆေးမင်ဖိုးနှင့် ဖြူပြင်ထန်းသမ်းခ ကျပ် ၀၀၀၀၊ လျှောက်လွှာပုံစံ ဖိုး ကျပ် ၂၀၀၊ စက်ပစ္စည်းနှင့် ဝန်ဆောင်ခ ကျပ် ၁၈၀၀ တို့ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

(၆၆) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနင် အောင်ပြန်အောင်စာရင်းထုတ်ပြန်

ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းသဘောရေးဖြေအောင် မလအဘိဓမ္မကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ် (၂၃၁) အရှင်ပညာဝံသာဘိဝံသ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၀၈)ဝါ၊ တိပိဋကမဟာဝန္ဒဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယသုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ်(၂၄၂) အရှင်အဂ္ဂဝံသ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ (၆)ပါး

၁။ ပလ္လင်အမှတ်(၂၅၅) အရှင်ခေမကာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ၊ မဟာဝိသုဒ္ဓါရာမစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဝလင်အမှတ်(၂၅၈) အရှင်စန္ဒန၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလင်အမှတ်(၂၆၇) အရှင်သဇနာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၇၄) အရှင်ဝါယာမန္တာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၂၈၄) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ ပဋ္ဌာနတာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၂၉၀) အရှင်ကုန္ဒကာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၆)ပါး

၁။ ပလင်အမှတ်(၂၉၅) အရှင်ကနာစာရာလင်္ကာရာဘိဝံသ၊ အသက်(၄၂)နှစ်၊ သိက္ခာ(၂၂)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ဥညာမြို့သစ်၊ ဝခဲမြို့၊ ပခုံးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၀၃) အရှင်နန္ဒိယ(ပြင်ဦးလွင်)၊ အသက်(၃၅)နှစ်၊ သိက္ခာ(၀၆)ဝါ၊တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၅၃) အရှင်စန္ဒဇောတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလင်အမှတ်(၃၅၇) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကကမ္ဗောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ ...မြို့နယ်

၅။ ဝလင်အမှတ်(၃၆၉) အရှင်ကန္ဒော့ဘာသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ပလင်အမှတ်(၃၈၆) အရှင်သောပါကာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင် တိပိဋကဓရ (၁)ပါး

၁။ ဝလင်အမှတ် (၁) အရှင်ဝါသေဋ္ဌာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၂၀)ဝါ၊ တိပိဋကမဟာဝန္ဒာရုံကျောင်းတိုက်၊ ရွှေနံ့သာစပြုကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် မလအာဘိဓမ္မိက (၃)ပါး

၁။ ပလ္လင်အမှတ် (၃) အရှင်ဂမ္ဘီရဉာဏ၊ အသက်(၄၁)နှစ်၊ သိက္ခာ (၂၁)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဝလင်အမှတ် (၄) အရှင်ဝါသေဋ္ဌ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၁၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလင်အမှတ် (၅) အရှင်နန္ဒဝံသာလင်္ကာရ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဝုံအောင် ဒီဃဘာဏက (၂)ပါး

၁။ ပလ္လင်အမှတ် (၈) အရှင်ကေသရ၊ အသက် (၄၄)နှစ်၊ သိက္ခာ (၂၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၁၀) အရှင်ကြဘာသာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဝံအောင် ဝိနယဓရ (၁၅)ပါး

၁။ ပလ္လင်အမှတ် (၁၃) အရှင်ဝိလာသဂါလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၁၅) အရှင်နန္ဒာစာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ၊ မာဂဓနေယျပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၂၂) အရှင်ရေဝတ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကမဟာဝန္ဒဝင်နိကာယကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလင်အမှတ် (၃၅) အရှင်တေဇဝံသ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလင်အမှတ် (၃၇) အရှင်နန္ဒဝံသ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၃၉) အရှင်သီလာစာရာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ် (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၄၂) အရှင်ကုန္ဒက၊ အသက် (၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၄၄) အရှင်ခေမာစာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစပြုကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဝလင်အမှတ် (၅၀) အရှင်ပညိန္ဒ (မုံရွာ)၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ဝလင်အမှတ် (၅၁) အရှင်ခေမာနန္ဒ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ၊ ဝိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဝလင်အမှတ်(၆၂) အရှင်နန္ဒိမာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလင်အမှတ် (၆၉) အရှင်ပညာစက္က၊ အသက် (၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၇၇) အရှင်တိလောက(ဘတလင်)၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ဝလ္လင်အမှတ် (၈၁) အရှင်သရိယာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋက စဆန်းလီကျောင်းတိုက်၊ ရွှေနံ့သာရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၈၂) အရှင်ဇနိတာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋကမဟာဝန္ဓာရုံကျောင်းတိုက်၊ အမှတ် (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

သီးမထွက်သော မြေဆိပ်ဖြေဆေး အစားထိုးသုံးစွဲနိုင်ဟုဆို

ရန်ကုန် ဇန်နဝါရီ ၉

မြင်း၏ သွေးရည်ကြည်မထုတ်လုပ်သော မြေဆိပ်ဖြေဆေးနေရာတွင် သိုး၏သွေးရည်ကြည်မှ ထုတ်လုပ်သော မြေဆိပ်ဖြေဆေးကို အစားထိုးသုံးစွဲနိုင်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ တင်သွင်းသော စာတမ်းတစ်စောင်အရ သိရသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကပြုလုပ်သော နိုင်ငံဖြစ်ခြင်းကြောင့် မြွေအန္တရာယ်မာဂရဖြူဖွယ်ရာရှိနေပြီး ကမ္ဘာပေါ်တွင် မြွေကိုက်ခံရမှုမြင့်မားသော နိုင်ငံများတွင် ပါဝင်နေကြောင်းသိရသည်။

မြွေဆိပ်ဖြေဆေးက မြင်းများ၏သွေးရည်ကြည်မှထုတ်လုပ်နေလျက်ရှိရာတွင် ဆေးဝါးသုံးအဆင့်မြင်းများရှားပါးမှုကြောင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုကျဆင်းခြင်းက မြင်းများအစား အခြားသောသတ္တဝါမှ မြေဆိပ်ဖြေဆေးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သိုး၏သွေးရည်ကြည်မှ မြွေပွေးအဆိပ်ဖြေဆေး ထုတ်ရန်ဆောင်ရွက်ခဲ့ကြောင်း စာတမ်းရှင်က ဆိုသည်။

ထို့ကြောင့် သိုး၏သွေးရည်ကြည်မှ မြွေပွေးအဆိပ်ဖြေဆေးနှင့် ပတ်သက်၍အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်တို့မှ သုတေသီများက သုတေသနပြုလေ့လာခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

မြွေပွေးအဆိပ်သီးသန့်ကို မြွေဆိပ်ထိုးနှံမှုဇယားများအတိုင်း ၁၅ ရက်ခြားကာ အဆင့်ဆင့်တိုးမြှင့်ထိုးနှံခဲ့ပြီး မြေဆိပ်အားတုံ့ပြန်သည့်ပဋိပစ္စည်း (Antibody ထွက်ပေါ်ခြင်းရှိ မရှိ)ကို ကြက်ဖြူငယ်များဖြင့် စမ်းသပ်ခဲ့ကြကြောင်း၊ အဆိပ်ပမာဏတစ်ခုထိုးနှံပြီး ၁၀ ရက်အကြာ သွေးဖောက်၍ကြွက်ဖြူငယ်များ သေဆုံးမှုကို တိုင်းတာစစ်ဆေးရာ သုံးဂဏန်းကောင်အနက်မှ ၆၀ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၅၃ ကောင်သည် အဆိပ်ပမာဏ ၃၅ mg အဆင့်တွင် သတ်မှတ်ထားသော အဆိပ်ဖြေနိုင်မှုစွမ်းအား (0.5 mg/ml)အဆင့်သို့ ရောက်ရှိကြောင်း တွေ့ရပြီး အဆိပ်ထိုးနှံသည့် သိုးများမှာ မြင်းများထက် မြွေဆိပ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိကြောင်း တွေ့ရသည်။

အဆိုပါ သုတေသနအရ သိုး၏သွေးရည်ကြည်မှ ထုတ်လုပ်သော မြွေပွေးအဆိပ်ဖြေဆေး 1 ml သည် မြွေပွေးအဆိပ် 1.0 mg ကို ချေဖျက်နိုင်စွမ်းရှိကြောင်း တွေ့ရှိရပြီး မြင်း၏သွေးရည်ကြည်မှ ထုတ်လုပ်သောမြွေပွေးအဆိပ်ဖြေဆေးနေရာ၌ အစားထိုးသုံးစွဲနိုင်ကြောင်းကို တွေ့ရှိရခြင်းဖြစ်သည်ဟု အထက်ပါသုတေသီများက အခိုင်အမာ ဆိုထားကြခြင်းဖြစ်သည်။

ထက်ခိုင်(စမ်းချောင်း)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သိ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လူထုသားပြည်သူများ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပြည်တွင်းရေးရာ

ဒီမိုကရေစီစနစ် ကျင့်သုံးရာ၌ ကိုယ့်နိုင်ငံ၊ ကိုယ့်သမိုင်းကြောင်းကို အခြေခံရမည်ဖြစ် အခြားနိုင်ငံများမှ ဒီမိုကရေစီစနစ်ကို ပုံတူကူးချ၍ မဖြစ်နိုင်

နေပြည်တော် ဇန်နဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ် ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဧရာဝတီ ကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသ းလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ ကော်မတီဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ၊ သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့သို့ ရောက်ရှိပြီး မြောင်းမြမြို့ နောင်ရိုးခန်းမ၌ ကျင်းပသည့် မြော လပွတ္တာခရိုင်အတွင်းရှိ မြောင်းမြ၊ လပွတ္တာ၊ ပါးခယမ်း၊ အိမ်မဲနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ မြို့မမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဒေသခံပြည်သူများနှင့် တွေ့ဆုံပြောဆို တက်ရောက်သည်။

ပြည် လွှတ်တော်နာယကက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။(အပေါ်ယာပုံ)

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်း သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ပုသိမ်မြို့သို့ရောက်ရှိကြကာ ပုသိမ်မြို့ တော်ခန်းမ၌ ကျင်းပသော ပုသိမ်ခရိုင်အတွင်းရှိ ကျောင်းကုန်း၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ရေကြည်၊ ကျုံပျော်၊ ပုသိမ်နှင့် နယ်များမှ မြို့မိမြို့ဖများ၊ နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော် အစည်းအဝေးများတွင် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနေမှု၊ မြန်မာနိုင်ငံ၏ ပြောင်းလဲ အခြေအနေ၊ ပြည်ထောင်စုလွှတ်တော်က ရေးဆွဲထုတ်ပြန်လိုက်သည့် ဒေသဖွံ့ ရေးရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက် အမှာစကားပြောကြားသည်။

ယင်းနောက် ရေး အထောက်အကူပြု ကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုခရီးစဉ်အတွင်း မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် ပုသိမ်ခရိုင်တို့မှ ယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၄ ခုနှစ် များ၏ ဖိတ်ခေါ်မှုကြောင့် လည်းကောင်း၊ မိမိကိုယ်တိုင် လာရောက်လိုသည့် ဆန္ဒကြောင့်လည်းကောင်း မြောင်းမြ၊ လပွတ္တာ၊ ပုသိမ်ဒေသများသို့ မိမိတို့အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများက လာမည့် နှပါရီလ ၁၃ ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်၍ မအားလပ်သည့်ကြားမှ လာရောက်ခဲ့ရသော်လည်း ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံရ ပြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို အကျိုးဖြစ်ထွန်းမှုများလည်း ရရှိပါကြောင်း၊ အလျဉ်းသင့်၍ မြန်မာနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများက ပြောကြားလိုပါကြောင်း၊ ယနေ့ကာလတွင် မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်က ဖော်ဆောင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့အချိန်အခါတွင် မြန် စီစနစ်သို့ တကျ ပြောင်းလဲမှုဖြစ်စဉ်များကို နိုင်ငံတကာက ဂရုစိုက်စောင့်ကြည့်နေသည့် အချိန်အခါဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ဧည့်သည်များ ပုံမှန်များပြားစွာ လာရောက်လျက်ရှိသကဲ့သို့ လယ်များကလည်း လေ့လာရေးခရီး လာရောက်ရန် ဖိတ်ခေါ်မှုများ များစွာရရှိနေပါကြောင်း၊ လွှတ်တော်ရပ်နားထားသည့် ကာလအတွင်း မိမိအနေဖြင့်လည်း နိုင်ငံတကာ၏ ဖိတ်ကြားချက်အရ သွားရောက်လေ့လာမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို မြန်မာနည်း မြန်မာဟန်ဖြင့် ညင်သာစွာ ပြောင်းလဲနိုင်ခဲ့ခြင်းသည် နိုင်ငံတကာ၏ စိတ်ဝင်စားမှုကို ရရှိခဲ့ခြင်းလည်း ဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များကို စိတ်ဝင်စား စောင့်ကြည့်လျက်ရှိပြီး မည်သို့ ဆောင်ရွက်ကြမည်ကို မေးခွန်းများ ပေါ်ထွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မရှင် ဖွဲ့စည်းပြီး ဆောင် ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများ၊ ပညာရှင်များနှင့် ပြည်သူများထံမှ လေ့လာသုံးသပ်အ ချက်များ ရရှိထားပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ လေ့လာသုံးသပ်ရာတွင် ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို ကောင်းမွန်စေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အဝါအဝင် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို မပျက်ပြားစေဘဲ ပိုမိုဖြစ်ထွန်းစေရေး၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကို မထိခိုက်စေဘဲ ပိုမိုတိုးတက်ဖြစ်ထွန်းစေရေးဟူသော ဦးတည်ချက် (၃)ရပ်ကို အခြေခံစဉ်းစားရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းကျင်းသုံးခဲ့သည်မှာ မကြာသေး၍ ဖြင့်ဆင်ရန်မလိုဟု ဆုံးဖြတ်ပါက မှားယွင်းနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေး စနစ်များ မပြည့်စသေးဟုဆို လောဘ ဖြင့် အလျင်စလို ပြင်ဆင်ရန် ဆုံးဖြတ်ပါကလည်း မှားယွင်းနိုင်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး သုံးသပ်ရာတွင် ဉာဏ အမြော်အမြင်ရှိစွာဖြင့် လေ့လာသုံးသပ်ပြီး ပြင်ဆင်သင့်သည်ကို ရဲရဲဝံ့ဝံ့ဆုံးဖြတ်ရမှာ ဖြစ်သကဲ့သို့ ပြင်သင့်သည်များကိုလည်း ရဲရဲဝံ့ဝံ့ သတိရှိရှိ ဆုံးဖြတ်ရမှာ ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးရာ၌ ကိုယ့်နိုင်ငံ၊ ကိုယ့်သမိုင်းကြောင်းကို အခြေခံရမှာဖြစ်ပြီး အခြားနိုင်ငံများမှ ဒီမိုကရေစီစနစ်ကို ပုံတူကူးချ၍ မဖြစ်နိုင်ကြောင်း။

ယခုအခါ ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်လိုက်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အရ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံ ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ် လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်းများကို လက်တွေ့ ဆောင်ရွက်ပေးနိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါ နိုင်ငံတော်သမ္မတကြီး ချမှတ်ထားသော ဆင်းရဲနွမ်း လျှော့ချရေးလုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လာမည့် လွှတ်တော်အစည်းအဝေးများတွင် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

❑ ကျောက်ဖုံးမှ

စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ အလုပ်လုပ်ရမည်ဖြစ်ပြီး စာချုပ် အလုပ် စာချုပ် စည်းကမ်းများနှင့်အညီ အလုပ်ရှင်အား ပြန်လည်ပေးလျော်ရမည်ဖြစ်သည်။ စာချုပ်သက်တမ်းကုန်ဆုံးသွားပြီးနောက် အဆိုပါအလုပ်တွင် ဆက်လက်အလုပ်လုပ်ကိုင်လိုပါက စာချုပ်ထပ်မံချုပ်ဆိုရန် လိုအပ်သည်။

စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ အလုပ်လုပ်ကိုင်ခဲ့သော အလုပ်သမားအတွက် အပြန်စရိတ်အားအလုပ်ရှင်မှ တာဝန်ယူရမည်ဖြစ်ကြောင်း အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်စာချုပ်တွင် ပါရှိသည်။

ထို့ကြောင့် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက် စာချုပ်ကို လက်မှတ်မရေးထိုးမီ သေချာစွာဖတ်ရှုပြီး မိမိသဘောတူကျေနပ်သော လက်မှတ်ရေးထိုးရန်နှင့် အလုပ်သမားအခွင့်အရေးများ တရားဝင် ရန်အတွက် ပြည်ပတွင်သွားရောက်လုပ်ကိုင်လိုသော အလုပ်သမားများအနေဖြင့် လိုင်စင်ရအေဂျင်စီများနှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်နှင့် ကြားပွဲစားများဖြင့် ဆောင်ရွက်ခြင်းလုံးဝ ပြုမိရန်သတိပြုရမည်ဖြစ်သည်။

ထို့ပြင် အလုပ်သမားများအနေဖြင့် သတင်းအချက်အလက်များသိရှိလိုလျှင်သော်လည်းကောင်း၊ အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း အလုပ်သမား အောက်ရှိ ရွှေ့ပြောင်းလုပ်သားဌာနခွဲ Complaint Mechanism များနှင့် သက်ဆိုင်ရာနိုင်ငံရှိ အလုပ်သမားသံအရာရှိများ၏ ဖုန်းနံပါတ်များဖြင့် ဆက်သွယ်တိုင်ကြားနိုင်ကြောင်း၊ ရွှေ့ပြောင်းလုပ်သားဌာနခွဲ (နေပြည်တော်)-၀၆၇-၄၃၀၁၈၃၊ ၄၃၀၁၈၅၊ Complaint Mechanism (နေပြည်တော်)-၀၆၇-၄၃၀၁၈၄၊ ၄၃၀၂၈၄၊ Complaint Mechanism (ရန်ကုန်)-၀၁-၆၅၀၀၈၉၊ ၆၅၀၁၈၇၊ အလုပ်သမားသံအရာရှိ (ကိုရီးယားသမ္မတနိုင်ငံ)-၀၀၅၂၁၀၃၇၉၉၄၆၉၀၊ အလုပ်သမားသံအရာရှိ (ထိုင်းနိုင်ငံ)-၀ပ၆၆၈၆၇၇၄၆၈၂၅၊ အလုပ်သမားသံအ (မလေးရှားနိုင်ငံ)-၀၀၆၀၀၀၂၅၉၇၇၅၀ တို့ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

○ ပပွားတောင်မှ

ပြည်တွင်းပြည်ပဈေးကွက်ဝင်သီးနှံများဖြစ်သော စိန်တလုံးသရက်၊ သီဟိုဠ်သရက်၊ ထိုင်ဝမ်သဘော၊ ဩဇာသီး အစရှိသည့် ခြံထွက်စားသောက်သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးအောင်မြင်နေကြသည့်အပြင် ယခုအခါ နဝါးမောက်ပင်များကိုပါ တိုးချဲ့စိုက်ပျိုးလျက်ရှိနေကြကြောင်း လေ့လာတွေ့ရှိရပေသည်။

အဆိုပါဒေသရှိ ကျေးရွာများတွင် အချို့အိမ်ထောင်စုများက ငှက်ပျောကို စီးပွားဖြစ်မဟုတ်သော်လည်း လက်တလောရင်းအဖြစ် အနည်းငယ်စိုက်ပျိုးလျက်ရှိကြသေးသည်ကို တွေ့ရပြီး များသောအားဖြင့် စိန်တလုံးသရက်၊ သီဟိုဠ်သရက်နှင့် ဩဇာပင်တို့ကို နှစ်ရှည်သီးနှံအဖြစ် စီးပွားဖြစ်စိုက်ပျိုးကြပြီး ထိုင်ဝမ်သဘောကိုမူ တစ်ကြိမ်စိုက် နှစ်နှစ်စား သီးနှံအဖြစ် တင်ကျယ်စွာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။ တစ်နှစ်ပတ်လုံးအတွက် ဩဇာသီးကို ဝါဆိုလမှ တော်သလင်းလအထိ ခူးဆွတ်၍ ဈေးကွက်တင်ရောင်းချနိုင်ကြပြီး စိန်တလုံးသရက်ကို ကဆုန်လမှ ဝါဆိုလဆန်းအထိ လည်းကောင်း၊ သီဟိုဠ်သရက်ကို ကဆုန်မှ နယုန်လကုန်အထိ လည်းကောင်း ဆွတ်ခူးရောင်းချကြပြီး ထိုင်ဝမ်သဘောကိုမူ သီတင်းကျွတ်မှ တန်ခူးလကုန်အထိ ဆွတ်ခူး၍ ဈေးကွက်တင်ပို့ကြရသဖြင့် တစ်နှစ်ပတ်လုံး ခြံထွက်စားသုံးသီးနှံများဖြင့် ဝင်ငွေရရှိနေကြကြောင်း သိရသည်။

ကျွန်တော်က ထိုင်ဝမ်သဘောက ဒသမ ၈၀ စိုက်ထားတာပါ။ အပင်အနေနဲ့ကတော့ လောက်ပေါ် ကန်ကျစရိတ်ကတော့ မျိုးရယ်၊ အလုပ်သမားခရယ်၊ ရေတင်စက်ဒီဇယ်ဖိုးရယ်၊ ဆေးဖိုးရယ် အားလုံးပေါင်းလိုက်ရင် ပျမ်းမျှ းသိန်းခွဲ ါးသိန်းတော့ရှိတယ်။ သီးတာက တစ်ပင်က ရောင်းတန်းဝင်အလုံး ပျမ်းမျှအလုံး ၃၀ ပေါ်၊ တစ်လုံးက ၃၀၀ ကျပ် ပျမ်းမျှတွက်မယ်ဆိုရင် တစ်ပင်ကို ကီးသောင်းနဲ့ စစပေါင်း သိန်း ၃၀ ကျော်တော့ရမှာပါ”ဟု နုတ်ကန်လည် ကျေးရွာမှ စိုက်ခင်းလုပ်ကိုင်သူ ဦးသိန်းဇံက ရှင်းပြသည်။

ထိုင်ဝမ်သဘောမျိုးစေတစ်ထပ်လျှင် နှစ်သောင်း ကျပ်ခန့်ပေးဝယ်ရပြီး တစ်ထပ်လျှင် မျိုးစေပျမ်းမျှ ၁၅၀ ပါရှိသော်လည်း အပင်ပေါက်သည့် မျိုးစေတိုင်း အသီးတင်ကြောင်းသိရပြီး မျိုးစေ တစ်ထပ်လျှင် နှစ်နှစ်စားနိုင်ကြောင်း သိရသည်။ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများတွင် ဆွတ်ခူးရောင်းချသူများအတွက် ရာသီဥတုပူပြင်းချိန်ဖြစ်သဖြင့် ဈေးပို၍ရကြောင်းသိရပြီး အသီးအဝိုင်းမျိုးစေမှာ အလုံးကြီးသော်လည်း အချိုပေါ့ကြောင်းနှင့် အသီးရှည်မျိုးမှာ အလုံးအနည်းငယ်သေးသော်လည်း အချိုကကြောင်းသိရသည်။ ထို့အပြင် အဆိုပါဒေသများတွင် နှစ်ရှည်သီးနှံအဖြစ် သီဟိုဠ်သရက်ပင်နှင့် စိန်တလုံး၊ ဩဇာတို့ကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြပြီး စိန်တလုံးသရက်တစ်ပင်က နှစ် ၂၀၊ နှစ်ခန့် စားသုံးရ ောင်းနှင့် စိန်တလုံးသရက်သီးပေါ်ချိန်တွင် အပင်ရှိသမျှကို အပြတ်ရောင်းချခြင်းဖြစ်သည်။ တောင်သူတစ်ဦးလျှင် အပင်အနည်းအများပေါ်မူတည်၍ ငွေကျပ်သိန်း ၅၀ သိန်း ၆၀-၇၀ အထိ ရရှိကြောင်းလည်း အားရဖွယ်ကြားသိရသည်။ ဝါဆိုမှ တော်သလင်းလအထိ ဆွတ်ခူးရသော ဩဇာသီးရောင်းချမှုမှာလည်း တောင်သူတစ်ဦးလျှင် ၁၅ သိန်းမှ သိန်း ၂၀ ခန့်ရရှိကြောင်း သိရသည်။ အသီးလိုင်လိုင်ပေါ်ချိန်တွင် အဆိုပါကျေးရွာများမှ ဩဇာသီးတစ်မျိုးတည်း တစ်နေ့လျှင် ၁၂ ဘီးကားဖြင့် ငါးစီးခန့် သယ်ယူတင်ပို့ရကြောင်း သိရသည်။ အဆိုပါကျေးရွာများမှ ခြံထွက်သီးနှံများအတွက် လိုအပ်သည့်ရေကို သဘာဝရေထွက်တစ်ခုဖြစ်သော ဗက်ကြီးရေထွက်မှ စီးဆင်းသော စိမ့်စမ်းရေကို စက်နှင့်တင်၍ သယ်ယူစိုက်ပျိုးကြခြင်းဖြစ်ပြီး နှစ်စဉ်ခြံထွက်သီးနှံဝင်ငွေများဖြင့် ခြံပိုင်တောင်သူများအပြင် ဒေသခံလက်လုပ်လက်စား အလုပ်သမားများအတွက်လည်း ပဟားဒေသ၏ စိမ်းလန်းစိုပြည်မှုနှင့် သဘာဝအလှများက ထိန်းသိမ်းစောင့်ရှောက်ရင်း စီးပွားရေးအခွင့်အလမ်းများ ပြည့်လျှံဝေစည်လျက်ရှိနေကြကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။

(ကိုနေ-ကျောက်ပန်းတောင်း)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) မှ DVB-T2 ဒစ်ဂျစ်တယ်ရုပ်သံထုတ်လွှင့်စက်၏ Antenna

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန် (ပြည်လမ်း)ရှိ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ရုပ်သံထုတ်လွှင့်စက်၏ Antenna က ဇန်နဝါရီ ၁၅ ရက် နံနက် ၀၀ နာရီမှ မွန်းလွဲ ၂ နာရီတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် ထုတ်လွှင့်လျက်ရှိသော MRTV၊ MITV၊ တောင်သူလယ်သမားရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်းနှင့် တိုင်းရင်းသား ရုပ်သံလိုင်းများ ထုတ်လွှင့်မှုကို ဇန်နဝါရီ ၁၅ ရက် နံနက် ၀ပ နာရီမှ မွန်းလွဲ ၂ နာရီအထိ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်းနှင့် ယင်းနောက်ပိုင်းတွင် ပုံမှန်အတိုင်း ပြန်လည်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❂ ဖြန်မာငါးသလောကမှ

ဈေးမနိမ့်ဘဲ ဈေးကောင်းရနေသည်။ ငါးသလောက သည်ဟု မြန်မာနိုင်ငံ ရေလုပ်သားများနှင့် ကန်သည်တ သည်၊ ငါးသလောက၊ ငါးသလောကယောကဖ၊ ကဝ ငါးသလောကဟု ဒေသအနေဖြင့် ခွဲခြားသတ်မှတ်ထား ငါးသလောကကို သိပ္ပံနည်းကျလေ့လာပါက Tenualos ခေါ် မြစ်တွင်းတွင် အတွေ့များသော ငါးသလောကမျိုး၊ အမျိုးအစားမှာ Hilsatoli ခေါ် ပင်လယ်ပိုင်းမှအများဆုံး ရမည့် ငါးသလောကယောကဖခေါ် အမျိုးအစားဖြစ်

ငါးသလောကသည် ပြည်တွင်းပြည်ပဈေးကွက်တွင် အားကောင်းနေသည့်အတွက် ရေလုပ်ငန်းရှင် ရေလုပ်သားတို့က ငါးသလောက အမ်ကောင်းရေး နည်းမျိုးစုံဖြင့် ဖမ်းယူနေကြသည်။ ယခင်က လေ တစ်လာချင်းပိုက်များဖြင့် သမားရိုးကျဖမ်းဆီးခဲ့ရာမှ အထိအမိကောင်းလှသည့် သုံးထပ်ပိုက်ခေါ် သုံးလွှာ ထားပြီး ဖမ်းနေကြသည်။ သုံးလွှာပိုက်က မြန်မာရေ တွေက အတွင်းလွှာ ပိုက်ကွက်အရွယ်အစားကို သေး သည်။ ပိုက်ဖောက်ကိုလည်း အောက်ခြေကြမ်းပြင်တိုက် ဆက်လိုက်သည်။ ဤနည်းအတိုင်း ငါးဖမ်းပိုက်ကို လိုက်သည့်အတွက် ငါးသလောက အသေးရော သိမ်းကျုံးဖမ်းဆီးရမိကြသည်။ ဤကဲ့သို့ ဖမ်းဆီးခြင်း

(၇)

အေ

❒ ကျောဖုံးမ

စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ အလုပ်လုပ်ရမည်ဖြစ်ပြီး စာချုပ် ... အလုပ ... စာချုပ စည်းကမ်းများနှင့်အညီ အလုပ်ရှင်အား ပြန်လည်ပေးလျော်ရမည်ဖြစ်သည်။ စာချုပ်သက်တမ်းကုန်ဆုံးသွားပြီးနောက် အဆိုပါအလုပ်တွင် ဆက်လက်အလုပ်လုပ်ကိုင်လိုပါက စာချုပ်ထပ်မံချုပ်ဆိုရန် လိုအပ်သည်။

စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ အလုပ်လုပ်ကိုင်ခဲ့သော အလုပ်သမား အတွက် အပြန်စရိတ်အားအလုပ်ရှင်မှ တာဝန်ယူရမည်ဖြစ်ကြောင်း အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်စာချုပ်တွင် ပါရှိသည်။

ထို့ကြောင့် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက် စာချုပ်ကို လက်မှတ်မရေးထိုးမီ သေချာစွာဖတ်ရှုပြီး မသဘောတူကျေနပ်မှသာ လက်မှတ်ရေးထိုးရန်နှင့် အလုပ်သမားအခွင့်အရေးများတရားဝင်ရရှိရန်အတွက် ပြည်ပတွင်သွားရောက်လုပ်ကိုင်လိုသော အလုပ်သမားများအနေဖြင့် လိုင်စင်ရအေဂျင်စီများနှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်နှင့် ကြားပွဲစားများဖြင့် ဆောင်ရွက်ခြင်းလုံးဝ မပြုမိ... သတိပြုရမည်ဖြစ်သည်။

ထို့ပြင် အလုပ်သမားများအနေဖြင့် သတင်းအချက်အလက်များသိရှိလိုလျှင်သော်လည်းကောင်း၊ အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ရှိ ...ပြောင်းလုပ်သားဌာနခွဲ Complaint Mechanism များနှင့် သက်ဆိုင်ရာနိုင်ငံရှိ အလုပ်သမားသံအရာရှိများ၏ ဖုန်းနံပါတ်များဖြင့် ဆက်သွယ်တင်ပြနိုင်ကြောင်း၊ ရွှေ့ပြောင်းလုပ်သားဌာနခွဲ (နေပြည်တော်)-၀၆၇-၄၃၀၁၈၃၊ ၄၃၀၁၈၅၊ Complaint Mechanism (နေပြည်တော်)-၀၆၇-၄၃၀၁၈၄၊ ၄၃၀၂၈၄၊ Complaint Mechanism (ရန်ကုန်)-၀၁-၆၅၀၀၈၉၊ ၆၅၀၁၈၇၊ အလုပ်သမားသံအရာရှိ (ကိုရီးယားသမ္မတနိုင်ငံ)-၀၀၅၂၁၀၃၇၉၉၄၆၉၀၊ အလုပ်သမားသံအရာရှိ (ထိုင်းနိုင်ငံ)-၀၀၆၆၈၆၇၇၄၆၈၂၅၊ အလုပ်သမားသံအရာရှိ(မလေးရှားနိုင်ငံ)-၁၀၆၀၁၀၂၅၉၇၇၅၀ တို့ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြုလှူဒါန်းငွေ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၉

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြုလှူဒါန်းငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အားကစားလေ့ကျင့်ရေးစခန်း(နေပြည်တော်)ရှိ ဘက်စုံခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအား အိမ်ရှင်နိုင်ငံ ...ဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး၊ အောင်နိုင်မှုရရှိရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ နာယကများဖြစ်ကြသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ... ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမြန်နှင့် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ ဇနီး ဒေါ်မာမာဝေ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများနှင့် ပန်... ဌာန ၃၃ ဌာနကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ... ဒေါ်စဝ်နန်းခွန်ဆမ် ... ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု... ဒေါ်ဆွေဆွေဦးတို့က (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဝင် အားကစားသမားများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ... ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးများဘဝမြှင့်တင်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ မသန်စွမ်းအားကစားအသင်းများမှ အားကစားသမားများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းက ယခုကဲ့သို့ အားပေးခြင်းသည် အားကစားသမားများအတွက် ကြီးမားသည့်ခွန်အားဖြစ်စေပါကြောင်း၊ အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အောင်နိုင်မှုရရှိရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ တိုးတက်စေရေး စသည့် ရည်ရွယ်ချက်များနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဗိုလ်ချုပ်နေလင်းက မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ... ထည့်သွင်းယှဉ်ပြိုင်မည့် အားကစားနည်းများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ...းလိုက်သည်။

ယနေ့အခမ်းအနားတွင် (၇)ကြိမ်မြောက် အာဆီ...သန်စွမ်းအားကစားပြိုင်ပွဲဝင် အား... ...ဒါန်းငွေစုစုပေါင်း ငွေကျပ် ၂၀၉ သိန်း ရရှိကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ နာယကများနှင့် ဧည့်သည်တော်များသည် Social Zone အတွင်းရှိ အမှတ်တရပစ္စည်းဆိုင်များ၊ အားစားပစ္စည်းအရောင်းဆိုင်များနှင့် ဈေးဆိုင်များအား လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

❍ မြန်မာငါးသလောက်မ

ဈေးမန်မဘ ဈေးကောင်းရနေသည်။ ငါးသလောက်သ... သည်ဟု မြန်မာနိုင်ငံ ရေလုပ်သားများနှင့် ကန်သည်တ ပြောကြသည်။ ငါးသလောက်၊ ငါးသလောက်ယောက်ဖ၊ ကဝကတင်၊ ငါးသလောက်ဟု ဒေသအနေဖြင့် ခွဲခြားသတ်မှတ်ထားကြသည်။ ငါးသလောက်က သိပ္ပံနည်းကျလေ့လာပါက Tenualosailisha ခေါ် မြစ်တွင်းတွင် အတွေ့များသော ငါးသလောက်မျိုး၊ ဒုတိယအမျိုးအစားမှာ Hilsatoli ခေါ် ပင်လယ်ပိုင်းမှအများဆုံးဖမ်းဆီးရမည့် ငါးသလောက်ယောက်ဖခေါ် အမျိုးအစားဖြစ်သည်။

ငါးသလောက်သည် ပြည်တွင်းပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းနေသည့်အတွက် ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားတက ငါးသလောက် အမကောင်းရေးအတွက် နည်းမျိုးစုံဖြင့် ဖမ်းယူနေကြသည်။ ယခင်က လေများဖြင့် တစ်လာချင်းပိုက်များဖြင့် သမားရိုးကျဖမ်းဆီးခဲ့ရာမှ ယခုအခါ အထိအမိကောင်းလှသည့် သုံးထပ်ပိုက်ခေါ် သုံးလာပိုက်ဖြင့် တားပြီး ဖမ်းနေကြသည်။ သုံးလာပိုက်က မြန်မာရေလုပ်သားတွေက အတွင်းလွှာ ပိုက်ကွက်အရွယ်အစားကို သေးပစ်လိုက်သည်။ ပိုက်ဖောက်ကိုလည်း အောက်ခြေကြမ်းပြင်တိုက်အောင် ဆက်လိုက်သည်။ ဤနည်းအတိုင်း ငါးဖမ်းပိုက်ကို ပြင်ဆင်လိုက်သည့်အတွက် ငါးသလောက် အသေးရော အကြီးပါ သိမ်းကျုံးဖမ်းဆီးရမိကြသည်။ ဤကဲ့သို့ ဖမ်းဆီးခြင်းကြောင့် ငါးသလောက်လေးတွေ ထောင်သောင်းမက သေကျေပျက်စီးကုန်ကြောင်း ငါးလုပ်ငန်းအတွေ့အကြုံရင့်ကျက်သူ ဖျာပုံမြို့ ရေလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။ ထို့အပြင် မြစ်ကြောင်းတွေမှာ ငါးသလောက်တွေ လွတ်လမ်းမရှိအောင် ကျားပါးစပ်ပိုက်တွေ၊ မျှောပိုက်တွေနဲ့လည်း ဖမ်းဆီးနေကြသည့်အတွက် အနာဂတ်ကာလ ငါးသလောက်မျိုးသုဉ်းတော့မည့် အခြေအနေ မြင်ယောင်မိပါသည်။

ငါးသလောက်မျိုးပွားမှုနှင့် ဖမ်းဆီးမှုကို လေ့လာရာ ငါးသလောက်များဥဥရာတွင် ရေချိုပိုင်းမှာ ဥလေ့ရှိပြီး ဥကနေ ငါးလေးတွေပေါက်ပြီး ကြီးကောင်ဝင်စအချိန်မှာ အကောင်ကြီး ... မျိုးပွားရန်အတွက် ပင်လယ်ပြင်ကို ငါးပေါက်လေးတွေ အပ်လိုက်ချိုပြီးကားထွက်လေ့ရှိသည်။ ရေလုပ်သားတွေက ကြီးကောင်မဝင်သေးသည့် ငါးသလောက်တွေကို ငါးအပ်နှင့်ချိုပြီး ဖမ်းယူနေကြသည့်အတွက် အရွယ်သေးသည့် ငါးသလောက်လေးတွေ အမြောက်အမြားသေကြသည်။ လွတ်သွားသည့် ငါးသလောက်လေးတွေက ဝင်လယ်ထဲမှာ ကြီးပြင်းပြီး မိတ်လိုက်ကြသည်။ ထို့နောက် ငါးသလောက်မကြီးတွေ သားပေါက်ရန် ပင်လယ်ကနေ ရေချိုပြန်ဝင်လာကြသည်။ ထိုအခါတွင် အသားဈေးရော ဥဈေးပါကောင်းနေသည့် ငါးသလောက်ကို အလွတ်မပေး စည်းမကမ်းမဲ့ ဖမ်းဆီးနေကြသည်ဟု သိရသည်။

ငါးသလောက်များရဲ့ ဘဝက ရေချိုမှ ရေငန်အထွက်ရော ရေငန်မှ ရေချိုအဝင်ပါ ဖမ်းဆီးခံနေရသည့်အတွက် ရင်သန်ကြီးထွားချိန်မရှိတော့သဖြင့် နယ်တကာဈေးကွက်အသီးသီးတွင် ငါးသလောက်အသေးများသာ များသောအားဖြင့် တွေ့မြင်ရတော့မည်ဖြစ်သည်။ ရွှေဥ ဥပေးနေသည့်ငန်းကို လောဘကြီးတစ်နပ်စားဉာဏ်ဖြင့် ဗိုက်ခွဲယူနေတာနှင့် တူနေသည်ဟု ဆိုရမည်ဖြစ်သည်။

ရင်းနှီးခင်မင်သည့် ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားတွေ ယင်းသို့ မဖမ်းကြရန် စာရေးသူ ဆွေးနွေးကြည့်ရာ ကျွန်တော်တို့ မဖမ်းလည်း သူများတကာတွေ ဖမ်းမှာပဲလို့ ပြန်ပြောကြသည်။ ငါးသလောက်မျိုးမသုဉ်းရန်အရေးမှာ မလွယ်ဝါ။ ထိုသို့သော အတွေးအခေါ်တွေ၊ စိတ်ဓာတ်တွေကို သက်ဆိုင်ရာက အချိန်မီ ဝိုင်းဝန်းဆွေးနွေးပညာပေးရန် အချိန်ဖြစ်ပြီဟု ဆိုချင်ပါသည်။

ငါးသလောက်များ ရေရှည်တည်တံ့စေရေး ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် ပံမန်စားသား မျိုးမသုဉ်းဆိုသည့်အတိုင်း ဖမ်းလည်းဖမ်း၊ မျိုးလည်းချန် မိမိသားစဉ်မြေးဆက်တွေ အထိ ငါးသလောက်တွေ ပေါများနေရင် ဘယ်လောက်ကောင်းမလဲဟု စဉ်စားဖို့အချိန်တန်ပြီဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများ အနာဂတ်ကာလတွင် ငါးသလောက်မျိုးမသုဉ်းစေရန် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးသင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ (အောင်ဝင်း-ဖျာပုံ)

တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁/၂၀၁၄)
၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးအစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁) နှင့် ၆-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၆/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း ...းထိုးပြောင်းလဲလိုက်သည်-

(၁)	... ၂၇၂၉၁ ဗိုလ်မှူး ထွန်းထွန်းဝင်း	(အစား)	ကြည်း ၂၅၅၀၄ ဒုတိယဗိုလ်မှူးကြီး ...
(၂)	ကြည်း ၃၃၁၄၄ ဗိုလ်မှူး ကျော်ကျော်သက်	(အစား)	ကြည်း ၂၆၀၇၀ ဒုတိယဗိုလ်မှူးကြီး ဒေါ်စန်းသီတာခင်
(၃)	... ဗိုလ်မှူး လေးနိုင်	(အစား)	... ၃၁၅၈၅ ... ဆွေလင်းမြင့်
(၄)	ကြည်း ၂၆၁၄၅ ဗိုလ်မှူး ကျော်မင်းဇော်	(အစား)	ကြည်း ၃၂၄၀၂ ... တင်လှိုင်

အမိန့်အရ
(မြင့်နိုင်)
အဖွဲ့ဝင်
...ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂/၂၀၁၄)
၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၁၈၉၇၇ ... မောင်မောင်ထူး	(အစား)	ကြည်း ၂၇၁၉၁ ဒုတိယဗိုလ်မှူးကြီး မင်းသူ
(၂)	ကြည်း ၂၇၃၃၁ ...	(အစား)	ကြည်း ၃၂၄၇၅ ဗိုလ်မှူး ဇော်လင်းအောင်
(၃)	... ၃၀၈၅၈ ဗိုလ်မှူး နိုင်နိုင်ဝင်း	(အစား)	ကြည်း ၃၃၅၁၈ ဗိုလ်မှူး မျိုးမောင်သိန်း

အမိန့်အရ
(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မသန်စွမ်းဘတ်စကက်ဘောအသင်း၏ ရင်တွင်းစကားများ

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းဝှီးချဲဘတ်စကက်ဘောအသင်းမ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၎င်းတို့အသင်းလေ့ကျင့်နေသော နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားပြုငပေရုံ(ဘီ)တင် အားကစားသမား ကိုအောင်ကိုကိုနှင့်တွေ့ဆုံမေးမြန်းခဲ့သည်။ ၎င်းကပြောကြားရာတွင် ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပွဲကြီးတွင် မသန်စွမ်းအားကစားပြေးခုန်ပစ်၌ စတင်ပါဝင် သံလုံးပစ်တွင် ဒုတိယဆုတံဆိပ်တစ်ခုနှင့် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပွဲတွင် (MPHA) မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကို ကိုယ်စားပြု၍ မသန်စွမ်းပြေးခုန်ပစ် အားကစားနည်း တစ်ခုဖြစ်သော လှံပစ်မှပထမ ရွှေတံဆိပ်၊သံလုံးပစ်မှ ကြေးတံဆိပ်ရရှိခဲ့ကြောင်း၊ ဝှီးချဲဘတ်စကက်ဘော အသင်းမှ မြန်မာနိုင်ငံအနေဖြင့်(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး မိမိအနေဖြင့် မသန်စွမ်း အားကစားနည်းများကို အကျွမ်းတဝင်ရှိသည့်အတွက် ဝှီးချဲ ဘတ်စကက်ဘောအားကစားနည်းသည် ပထမဦးဆုံးအကြိမ် ပြိုင်ပွဲဝင်ရမည်ဖြစ်သော်လည်း နိုင်ငံအတွက်ဆုတံဆိပ် တစ်ခုရယူပေးနိုင်ရန် အစမ်းကုန်ကြိုးစားလျက်ရှိကြောင်းနှင့် ၎င်းကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် စတင်ပြီး မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပဏာမ လက်ရွေးစင်အဖြစ်ခေါ်ယူပြီး ရန်ကုန်မြို့ တောင်ဒဂုံ အားကစားရုံ၌ စတင်လေ့ကျင့်လျက် ၂၀၁၃ ခုနှစ်တွင် (၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုများရရှိခဲ့၍ မသန်စွမ်းဝှီး ချဲဘတ်စကက်ဘောအသင်းအတွက် နိုင်ငံလက်ရွေးစင်အဖြစ် အရွေးခံခဲ့ရကြောင်း ပြောကြားခဲ့သည်။ ကိုအောင်ကိုကို က ဆက်လက်ပြီး သူ၏ဘဝအကြောင်းပြောကြားရာတွင် မိမိမှာ နိုင်ငံတော်မှပေးအပ်သော အတန်းပညာအရည် အချင်းဘွဲ့မှာ ပထဝီအထူးပြု(Geography) ဘွဲ့က မသန် စွမ်းသော်လည်း လူကောင်းများနည်းတူ ရအောင်ယူခဲ့ ကြောင်း၊ ၎င်းမှာ ဧရာဝတီတိုင်းဒေသကြီး သာပေါင်း မြို့နယ် ဇာတိဖြစ်ပြီး အသက်(၂၉)နှစ်ခန့်ရှိပြီး ပိုလီယို အောက်ပိုင်း မသန်စွမ်းခံစားနေရကြောင်း၊မွေးရာပါ ပကတိ အကောင်းဖြစ်ပြီး အသက်ခြောက်လအရွယ်တွင် ဆေး ထိုးရင်းနှင့်ပိုလီယို(အောက်ပိုင်းမသန်စွမ်း)ရောဂါကို ခံစား ခဲ့ရကြောင်းနှင့်အားကစားလောကက နိုင်ငံပေါင်းစုံသို့ ရောက်ရှိခဲ့ပြီး ပြင်ပကမ္ဘာနှင့်မျက်နှာဖုံးပြိုင်ပွဲများသို့ ၃သွားရောက်၍ လူကောင်းများနည်းတူဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ မသန်စွမ်းဘတ်စကက်ဘောအသင်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ၊ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပွဲအတွက် ဝဝ လလောက်သာ လေ့ကျင့်ခဲ့ရသော်လည်း မြန်မာနိုင်ငံနှင့် မြန်မာပရိသတ်ကြီးအတွက် ယှဉ်ပြိုင်ပွဲတွင် ဆုတံဆိပ် တစ်ခုရရှိရန် မျှော်မှန်းထားကြောင်း မသန်စွမ်းဝှီးချဲဘတ် စကက်ဘောအသင်းသား ကိုအောင်ကိုကိုက ပြောကြားခဲ့သည်။

ရှေးရိုးအစဉ်အလာအရ မသန်စွမ်းသူများသည် အားကစား ပွဲများ၌ ပါဝင်ခွင့်မရရှိနိုင်ခဲ့ပေ။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သော ယခုလက်ရှိအစိုးရလက်ထက်တွင် "အကျိုးဆောင် အကောင် မော" ဟုဆိုသော ရိုင်းပြပြီး မသန် စွမ်းသူများကို တစ်ဖက်သတ်ဖိနှိပ်သော အခေါ်အဝေါ်များ က ပြောင်းလဲပစေရန်၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှာ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကုလသမဂ္ဂသဘော တူစာချုပ် United Nation Convention on the Rights of Persons With Disabilitis-UN(RPD) ကိုမြန်မာ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားခဲ့သည့်အတိုင်း မသန် စွမ်းသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် မသန်စွမ်းသူများကို လူသားတင်း ခံစားခွင့်ရသည့် အခြေခံ အခွင့်အရေးများကို ရရှိစေရန်အတွက် မသန်စွမ်းသူအားလုံး ၏ ဆန္ဒအလျောက်ငင်းတို့၏စွမ်းရည်သတ္တိများ ဖော် ထုတ်ခွင့်ကို (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းပွဲကြီးက အဓိကသက်သေပြနိုင်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ လူထုတစ်ရပ်လုံးက (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီးက ကြည့်ရှုအားပေးရင်းနှင့်လူကောင်းများ ကဲ့သို့ မသန်စွမ်းသူများသည် မသန်သော်လည်း"စွမ်း"ပါ သည်ဟု ပြသမည့် ယခုပွဲကြီးက လက်လှတ်မခံဘဲ မသန်စွမ်း သူများကို လူ့အဖွဲ့အစည်းတွင်ပါဝင်ခွင့်၊အကျိုးခံစားခွင့်များ ဖြင့် လက်တွဲခေါ်ယူပြီး ၎င်းပွဲတော်ကြီးကို ကြည့်ရှုအားပေး သင့်သည်ဟု ထင်မြင်မိပါသည်။

သန်းနိုင်(ဇမ္ဗူသိရိ)

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေ ရန်နှင့် အားကစားပြိုင်ပွဲ အစီအစဉ်များ အောင်မြင်စွာ ကျင်းပနိုင်စေရန် ရည်ရွယ်၍ အကြိုလှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ရာ အဆိုပါ အစီအစဉ်များနှင့် အားကစားပြိုင်ပွဲကြီးအတွက် စပွန်ဆာ ထောက်ပံ့နိုင်ရေးတွင် လုပ်ငန်းရှင်များအား ပူးပေါင်းပါဝင်ကူညီပေးပါ ရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက -

(၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဖြစ်မြောက် ရေးကော်မတီ အခန်း(၁၆) အမျိုးသားအားကစားပြုငပေရုံ (၁) သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ၀၉-၄၂၁၁၃၇၉၆၀၊ ၀၉-၅၀၇၄၂၀၀

MYANMAR Paralympic Sports Federation

နိုင်ငံ့ဂုဏ်အလံကို မြှင့်တင်ပေးမည့် မသန်စွမ်းရေကူးမယ် မအေးအေးစန်းနှင့် တွေ့ဆုံ

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲကြီးကို ဇန်နဝါရီ ၁၄ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ မသန်စွမ်းရေကူးအားကစားသမားများသည်မျှော်မှန်းထားသော ရွှေတံဆိပ်ဆုများရရှိနိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်နေသော နေပြည်တော်ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ မသန်စွမ်းရေကူးအားကစားသမားတစ်ဦး ဖြစ်သူ အသက် (၁၇) နှစ်ရှိ မအေးအေးစန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မအေးအေးစန်းသည် မွေးရာပါ လက်နှစ်ဖက်ချို့ယွင်း သူ မိဘမဲ့တစ်ဦးဖြစ်ကြောင်း၊ သူမသည် လှိုင်သာယာမြို့နယ် ဦးစံဒွန်း မိဘမဲ့မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေး ဂေဟာမှ ကျောင်းသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်၏ အားပေးကူညီမှုဖြင့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းရေကူးအားကစားပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိကြောင်း၊ ၎င်းသည် ပြည်တွင်းပြိုင်ပွဲများဖြစ် သော (၂၅) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်း သူများ အားကစားပြိုင်ပွဲတွင် လှိုင်သာယာမြို့နယ်ဦးစံဒွန်း ကိုယ်စားပြု၍ ရေကူးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပက်လက်ကူးမီတာ (၅၀)တွင် ရွှေတံဆိပ်တစ်ဆု၊ ရင်ပေါင် တန်းကူးမီတာ (၅၀) တွင် ငွေတံဆိပ်တစ်ဆု၊ အလွတ်ကူးမီတာ (၅၀) တွင် ကြေးတံဆိပ်တစ်ခုနှင့် ထိုပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်သုံးခုကို လက်နှစ်ဖက်မရှိသော်လည်း ရရှိပိုင်ဆိုင်သူဖြစ်ကြောင်း၊ (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းရေကူးပြိုင်ပွဲတွင် ပက်လက်ကူး၊ အလွတ်ကူး၊ ရင်ပေါင်တန်းကူးပြိုင်ပွဲသုံးပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ကြောင်းနှင့် ၎င်းပွဲစဉ်သုံးပွဲတွင် ရွှေတံဆိပ်တစ်ခုကို မြန်မာနိုင်ငံအတွက် ရယူပေးနိုင်ရန် ကြိုးစားနေကြောင်း ပြောကြားသည်။ ဆက်လက်ပြီး ပြောကြားရာတွင် ၎င်းမှာ ၂၀၁၃ ခုနှစ် မတ်လ ၃ ရက်မှစပြီး မြန်မာနိုင်ငံမသန်စွမ်း

အားကစားအဖွဲ့ချုပ်က ၎င်းကိုခေါ်ဆောင်ပြီး ရန်ကုန် မြောက်ဒဂုံ နိုင်ငံတကာအဆင့်မီရေကူးကန်တွင် မသန်စွမ်း ရေကူးအဖွဲ့ခေါင်းဆောင် ဆရာဦးမြခိုင်၏ သင်ကြားသင်ပြမှုဖြင့် လေ့ကျင့်သင်ကြားပေးမှုအောက်တွင် အစမ်းကုန်ကြိုးစား ထားပါကြောင်းနှင့် (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပွဲတော်ကြီးဟာ မြန်မာနိုင်ငံ၏ ကိုယ်မြေ၊ ကိုယ် ရေ၊ ကိုယ်ပရိသတ်ရှေ့မှောက်တွင် မိမိမှာ အစွမ်းကုန်ကြိုး စား၍ ရွှေတံဆိပ်ရယူပြီး ကိုယ်နိုင်ငံကိုယ်လူမျိုး၏ ဂုဏ်အလံ ကို အထက်နိုင်ဆုံးမြှင့်တင်နိုင်ရန် ကြိုးစားသွားမည်ဖြစ် ကြောင်းပြောကြားပြီး မြန်မာပရိသတ်ကြီးမှာလည်း မိမိတို့ မသန်စွမ်းသူများ၏ အားကစားစွမ်းရည်သတ္တိများ ဖော် ထုတ်ပြသမည့် (၇) ကြိမ်မြောက် မသန်စွမ်းအားကစားပွဲ တော်ကြီးကို လာရောက်ကြည့်ရှုအားပေးလည်ပါဟု ပြောကြားသည်။

ရွှေနဝါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားစီးလုံးငှားသည်။
Ph: 209077, 09-731 67000
209388, 09-731 68000

မြာပုသား
ကျိုက်(၈)ကျိုက်၊ မော်လမြိုင်၊ စကားကားဇမ်း
ကျိုက်ထီးရိုး၊ ကျိုက်ထီးဆောင်း၊ ကျိုက်သလ၊ ကျိုက်မရော၊ ကျိုက်မ
ကျိုက်ထီးရိုး/ ချောင်းသာ (နေ့စဉ်)
ကားမိုးပေါင်းလုံး၊ ဝီစဉ်ဆောင်ရွက်ပေးပါသည်။
09-49578205,49323965,425334456

JADE အထူးဈေးချိုသည် Travels&Tours
ချောင်းသာ(၁ည၊ ၂ရက်) 18,25 Jan
Gusthouse 17,24 Jan 40,000
30,000
09731234443,0943177351,095179754

ကား (ပွဲစားမလို)
ရွှေဂုံတိုင်အနီး လုံးချင်း(၂)ထပ်တိုက်
23L နှင့် တာဝါ 20'× 58'ခန့်
14-L Full Furniture
245585 , 246663
09-43133981 , 706677

RUBY ကားအငှားလက်ခံသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးနှင့် Saloon, Van ငှားနိုင်ပါသည်။ လစဉ်ငှားရမ်းနိုင်ပါသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ရွှေပင်က အထူးခရီးစဉ်
ကျိုက်ထီးရိုး၊ ချောင်းသာ-နေ့စဉ်
မန္တလေး၊ ပုံရှာ၊ စစ်ကိုင်း၊ ပြင်ဦးလွင်
အလောင်းတော်ကဿပ-စားစရိတ်၊ တည်းခိုခ(ငြိမ်း)
အလောင်းတော်ကဿပ- သီးသန့်(10-1-2014)
09-73130346,254049377,423720047

CNG TAXI ရောင်းမည်
(လျှော့ဈေးဖြင့်)
CALDINA VAN (နောက်လေး)
DD/1.....1999,UL (70L)
09-31825580, 192 သိန်း(ညှိနှိုင်း)

မြေကွက်များဝယ်လိုသည်
(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း၊ဆိပ်ကမ်း)
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၀
၀၉-၇၃၂၃၄၆၅၆
၀၉-၇၃၂၂၉၉၆၅

အမြန်ရောင်းမည်
အရှေ့ဒဂုံ၊ (၁)ရပ်ကွက်၊ ပေ (၄၀×၆၀)နှင့်အိမ် သိန်း(၃၁၀)။
ဖုန်း-၀၉-၄၂၁၁၃၉၁၄၆

နှစ်ခရီးသွားရတာအရမ်းအဆင်ပြေကောင်းဆိုတဲ့(မိတ်ဟောင်း/မိတ်သစ်)များအတွက်
50% Discount အထူးစေတနာကုသိုလ်ယူ၍ ခရီးစဉ်တိုင်းကို (စရိတ်အားလုံးငြိမ်း)
Restaurant, Hotel Package, ဆိုဒ်နိုင်ငံထုတ် Scania 2 + 2
(ညပွဲ Dinner စရင်းဖျော်ဖြေမှုပါ။) ၃ ညအိပ် Jan 31
ရွှေစက်တော်ဖွင့်ပွဲ မကွေး-မြသလွန်-စက္ကန်းတ-နဂါးပွက်-ကျောင်းတော်ရာ
၃ည/၄ရက် အထူး*ရေစပ်တည်းကျောင်းလုံးချင်းသီးသန့်* 75000 Jan 31
ရွှေစက်တော်ဖွင့်ပွဲ Dinner
၄ ညအိပ် ၅ ရက် *ရေစပ်တည်းကျောင်းလုံးချင်းသီးသန့်* 120000 Jan 31
အလောင်းတော်ကဿပ(အထူးသီးသန့်)-မန္တလေး-မ
ညအိပ်၅ရက် 120000 Jan 31
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ဖွေတော်ဦး-ထမ်ဆိမ်း
120 0 0 0 Jan 31
ကုမ္ပဏီအဖွဲ့ အစည်းနှင့် မသားစုများအတွက် စီလုံးငှားစဉ်ပေးသည်။
09-73211079, 09-49250637, 09-420073607

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သံဒင်း မြေတိုင်းရပ်ကွက် ရပ်ကွက်ကြီး (၁၉)၊ မြေကွက်အမှတ်(၈၈၇၊ ခ)ဟုခေါ်တွင်သည့် ပေ(၂၀×၆၀) ကျယ်ဝန်းသော ဦးစန်းလွင်(NTI 120343) အမည်ပေါက် ပါဆင်သော မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ချိုချိုဦး [၁၂/လမန(နိုင်)၀၃၃၄၃၅]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးတင်ငွေ
အမှတ်(၀၂) ၅၈ လမ်း၊ (၇)ရပ်ကွက်
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမန်စာ

(တရားမကျင့်ထုံး ကိုဒ်ပုဒ်မအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်နယ်တရားမရုံး၌
၂၀၁၃ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၆

KMD Co.,Ltd. နှင့် ၁။ ဦးရွှေဝါထွန်း
(ကိုယ်စားအခွင့်ရ ၂။ ဒေါ်စယန်းမ
ကိုယ်စားလှယ်ဒေါ်စမြတ်သင်း)
တရားလို တရားခံ

စမ်းချောင်းမြို့နယ်၊ မ/၅၆၊ မကြီးကြီးလမ်း၊ မန့်တောင်ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ)ရပ်နေ ၁။ဦးရွှေဝါထွန်း၊ ၂။ဒေါ်စယ်ဝှန်းမီ သိစေရမည်။

သင်အပေါ်၌ တရားလိုက ကန်ဖိုးကြွေးကျန်ကို လျော်ကြေးနှင့်တကွ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရှေ့နေအမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး တစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ရက်နေ့ မွန်းမတည်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထချေရှင်းလင်းရန် ဤသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

သင်က ထချေတင်ပြအမီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပလိုက်ရမည်။ သင်က ထချေလွှာတင်သွင်းလလျှင် အမှုမဆင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

မိမိမော်
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်နေလင်းအောင်[၁၂/သဃက(နိုင်)၁၅၇၈၁၅]သည် မိခင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပါ၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်း။

ဒေါ်မြင့်စီ
[၁၂/သဃက(နိုင်)၀၇၅၇၁၉]

ပြည်တွင်းရေးရာ

စုံစမ်းစစ်ဆေးတာဝန်ထမ်းဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များဆုချီးမြှင့်

ပဲခူး ဇန်နဝါရီ ၉

ပဲခူးမြို့ တိုင်းဒေသကြီးရဲတပဖွဲ့မှူး ရုံးခန်းမ၌ ဇန်နဝါရီ ၇ ရက် ၈ နာရီတွင် မခင်းများ စုံစမ်းစစ်ဆေးဖော်ထုတ်ဖမ်းဆီးပေးနိုင်သော တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။(ယာပံ)

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်းက ဆချီးမြှင့်ရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ဆုရရှိသည့်တပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုမှတ်တမ်းများနှင့် ဆုများချီးမြှင့်ခံရသူများမှာ တောင်ငူမြို့ရဲစခန်း (ပ)၅၃၅/၂၀၁၃ ပေါက်ကွဲစေတတ်သော သတ္တုပစ္စည်းများအက်ဥပဒေပုဒ်မ ၃၊ ချမ်းမြေ့တည်းခိုခန်းပူးပေါင်းကမဖြစ်စဉ်မှ တရားခံ စောထန်းထန်းအား ဖော်ထုတ် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ကြသည့် တပဖွဲ့ဝင်များအားလည်းကောင်း၊ ဖြူးမြို့နယ် မြို့မရဲစခန်း (ပ)၄၃၉/၂၀၁၃ ဖြစ်မှုပုဒ်မ ၃၀၂ အမှုမအမျိုးသမီးတစ်ဦးအား ခေါင်းဖြတ်သတ်သည့်အမှုတွင်ပြစ်မှုကျူးလွန်သူ ကရင်ကြီး (ခ)ရဲညွန့်နှင့် သိန်းထန်းဦး (ခ) သံချောင်းတို့အား အချိန်တိုအတွင်း သက်သေခံပစ္စည်းများနှင့် အတူ စုစမ်းဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့သည့်တပ်ဖွဲ့ဝင်များအား လည်းကောင်း၊ ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်း (ပ)၂၁၂/၂၀၁၃ ပြစ်မှုပုဒ်မ ၃၈၂/၃၂၅ အမျိုးသမီးတစ်ဦးအရက်ခံရပြီး ပစ္စည်းလုယက်သည့်ဖြစ်စဉ်မှ တရားခံထန်းထန်းနိုင်အား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ဒိုက်ဦးမြို့နယ် ဖောင်တော်သီရဲစခန်း (ပ)၂၄၄/၂၀၁၃ တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် နယ်မြေထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၇(က)အမှုတွင် ဆင်သေအရေခွံကို ဦးခေါင်းဒဏ်ရာဖြင့်တွေ့ရ၍ တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာတွင် ညောင်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပင်းတန်းမြို့နယ်တို့မှ အသေးသေးစုံစမ်းဖော်ထုတ်၍ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးပေးနိုင်ခဲ့သော တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ဦးစီးအရာရှိ (ပထမတန်း)နှင့် ပဲခူးတိုင်းဒေသကြီး ရဲအထူးတပဖွဲ့မှူးတို့က ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စန်းဝေ(ဟသာမြေ)

MNL Charity Cup ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၉

ရာသီမစတင်မီ ကျင်းပလေ့ရှိသည့် ၂၀၁၄ MNL Charity Cup ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပွဲတွင် ၂၀၁၃ MNL ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် MNL Cup ချန်ပီယံ ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် ၁၀၀၀၊ ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အဆိုပါ MNL Charity Cup ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ဧရာဝတီအသင်း၊ ၂၀၁၃ ခုနှစ်တွင် ရန်ကုန်အသင်းတို့က အနိုင်ရရှိထားသည်။ ရရှိသော ကင်းဝင်ကြေးများက လူမှုရေးအဖွဲ့အစည်းများနှင့် လိုအပ်သောနေရာများသို့ လှူဒါန်းလျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် မင်္ဂလာတောင်ညွန့်မီးဘေးသင့်ပြည်သူများအား လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် မိဘမဲ့ဂေဟာများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခုနစ်နေရာသို့လည်းကောင်း လှူဒါန်းမှုများပြုလုပ်ခဲ့သည်။ ကမ္ဘောဇအသင်းမှာ ယခုပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာမူ သုံးနှစ်ဆက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

(ရှိုင်းထက်ဇော်)

ဖြစ်ပွားမှုများသော ရောဂါကြီးသုံးမျိုးအတွက် မြန်မာ-ကိုရီးယားပူးပေါင်း၍ အဆင့်မြင့်သုတေသနပြုလုပ်မည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သော ရောဂါကြီးသုံးမျိုးဖြစ်သည့် တီဘီ၊ ငှက်ဖျားနှင့် အသည်းရောင်အသားဝါရောဂါနှင့်ပတ်သက်၍ မြန်မာ-ကိုရီးယား ပူးပေါင်းကာ အဆင့်မြင့်သုတေသနပြုလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် ပြုလုပ်သည့် (၄၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲက ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)နှင့် ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ပူးပေါင်းကာ အဆင့်မြင့် သုတေသနဓာတ်ခွဲခန်းကို တည်ဆောက်နေပြီး လာမည့် ဖေဖော်ဝါရီလကုန်၊ မတ်လဆန်းတွင် ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ထိုဓာတ်ခွဲခန်းတွင် ဆောင်ရွက်သွားမည့် သုတေသနပညာရှင် ကိုးဦးကို ကိုရီးယားနိုင်ငံတွင် သင်တန်းများပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆောက်အအုံ တည်ဆောက်မှုများ၊ အဆင့်မြင့်နည်းပညာများ၊ အဆင့်မြင့်စက်ကိရိယာများထားရှိခြင်း သင်တန်းပေးခြင်းတို့အတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ဘက်မှ ဒေါ်လာသုံးသန်းအကုန်ကျခံခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်သုတေသနဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏ အဓိကဦးစားပေး ကျန်းမာရေးပြဿနာများကို အဆင့်မြင့် (Molecule) နည်းပညာများဖြင့် ဓာတ်ခွဲဖော်ထုတ်သုတေသနပြုလုပ်နိုင်ခြင်း၊ အခြေခံကျန်းမာရေးသုတေသန၊ လက်တွေ့အသုံးချကျန်းမာရေးသုတေသန၊ ကျန်းမာရေးစနစ်သုတေသနတို့က နိုင်ငံတော်၏ ကျန်းမာရေးအဆင့်မြင့်မားစေရန်အတွက် ဟန်ချက်ညီညီတိုးတက်စေရန် ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ရန်ကုန်မြစ်အတွင်း သန့်ရှင်းသာယာလှပစေရေး ပြည်သူများလိုလား

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ သန်းငွေ(ဒလ)

"အို-ဘုရားရေ"

တခြားမဟုတ်ပါ။ ဇန်နဝါရီ ၇ ရက် နံနက် ၆ နာရီ ၇ မိနစ် 'ဒီရေတက်စ'အချိန်က ဒလမြို့နယ် သမ္ဗာ ကမ်းခြေသမန်ဆိပ်ဘက်မှ ရန်ကုန်မြစ်အတိုင်း တောင်မှမြောက်သို့ မြွတ်မောင်းလာစဉ် ငါးမိနစ်ခန့်အကြာမြစ်၏ သံဃံ တစ်ပံ နေရာအရောက်တွင် သမ္ဗန်စက်ရပ်သွားပြီး သမ္ဗန်ပေါ် လိုက်ပါလာသူ ကုန်စျေးရောင်းအမျိုးသမီး၏ ဘုရားတသောအသံဖြစ်သည်။

အဆိုပါ ဘုရားတသံကြောင့် စာရေးသူလည်းစက်သမန်ရှေ့ဆုံးခန်းမှ နောက်သို့လှည့်ကြည့်လိုက်ရာ စက်သမန်မောင်းသူမှာ ဘယ်လက်ဖြင့် ပဲ့ဝင်းအဖျားမှ အတန်းကကိုင်ကာဘယ်ခြေက တက်မတံသံကိုင်းကို ကန်၍ ဇောက်ထိုးငုံ့ပြီး ပန်ကာ ဒလက်၌ပတ်နေသော ဒိုက်ဖတ်(အမှိုက်)များက နစ်မနစ်ကျောကြာ ခက်ခက်ခဲခဲ ရှင်းလင်းနေရသည်။(ဝဲပံ) မြို့တော်အင်္ဂါရပ်နှင့်အညီ သဘော၊ သမန်စီးခရီးသွားများ ရေယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရန်ကုန်မြစ်အတွင်း ဒိုက်၊ အမှိုက်ပုံများကို အစဉ်အမြဲရှင်းလင်းပြီး သန့်ရှင်းသာယာလှပစေရေး ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

အထူးဂုဏ်ယူစမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် Road to Aye Yar Waddy Co.,Ltd. နှင့် Life Ayar Co.,Ltd. တို့၏ မန်နေဂျင်းဒါရိုက်တာ "ဦးငွေမြင့်" အား "သဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Life Ayar သောက်ရေသန့်
ဝန်ထမ်းမိသားစု

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါကျွန်းအုပ်စုများပေါ်မှ ဇီဝဖိုးငွေသိုက်များကို တစ်ဦးတည်း စသိမ်းထုတ်ယူခွင့်အား စျေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ဒါခေါ်ယူအပ်ပါသည်။

	လုပ်ကွက်	ကျွန်းအုပ်စု အမည်	ပစ္စည်းတည်နေရာ
	(၁)	မော်စကိုကျွန်းအုပ်စု	လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
	(၂)	ရေအေးကျွန်းအုပ်စု	ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
	(၃)	ကဆွေးလနှင့် ကော့ငါးကျွန်းအုပ်စု	ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
	(၄)	လိုကျွန်းအုပ်စု	ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၅-၁-၂၀၁၄ ရက် နံနက် ၁၀း၁၀ နာရီ

၃။ တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် - ၂၇-၁-၂၀၁၄ ရက် မွန်းလွဲ ၀၆း၃၀ နာရီ

၄။ တင်ဒါရောင်းချမည့်နေ့ - ၃၀-၁-၂၀၁၄ ရက် နံနက် ၁၀း၁၀ နာရီ

၅။ တင်ဒါရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင်ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ
ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊
ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၃၉၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အိမ်အမှတ်၅/၈/၂၁၄(က)၊ သီရိခေ်လာမြို့ပတ်လမ်းရှိ နေအိမ်၊ ခြံမြေအကျယ်ဝေ(၁၂ × ၆၀)မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ပယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိစိန်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၃၂)
ဖုန်း-၀၉-၅၀၃၈၁၄၀

ရန်ကုန်စီးပွားရေးလမ်းညွှန်

ဈေးကွက်တင်ခြင်းနှင့် ကြော်ငြာလုပ်ငန်းတို့အတွက် အလုပ်အကိုင်နေရာ

Data Collector ကျား (၁၈-၂၀) နှစ်အတွင်း (၁၀)

အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့်နှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အိမ်ထောင်မရှိသူဖြစ် ရမည်။ လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း ထောက်ခံချက်၊ မကြာမီကရိုက်ကူးထားသော ဓါတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ ထောက်ခံစာမူရင်း၊ အိမ်ထောင်စုဇယားမိတ္တူ၊ အပြည့်အစုံနှင့် အတူ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

အမှတ်(၃၃/၄၉)၊ ၇-လွှာ၊ အခန်း(၇၀၀)၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။

GI Joe 3 တွင် ဆက်လက်ပါဝင်မည့် လီပြောင်ဟွန်း

၂၀၁၃ ခုနှစ်အတွင်း ထွက်ရှိခဲ့သည့် G.I. Joe: Retaliation သိပ္ပံအက်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် တောင်ကိုရီးယား ကြယ်ပွင့် လီပြောင်ဟွန်းက ယင်းဇာတ်ကား၏ တတိယမြောက်ဇာတ်လမ်းတွဲတွင်လည်း ဆက်လက် ပါဝင်သရုပ်ဆောင်သွားဖွယ်ရှိကြောင်း သိရသည်။

မင်းသား လီပြောင်ဟွန်းသည် ဖေဖော်ဝါရီလတွင် ထွက်ရှိမည့် Memories of the Sword ဇာတ်ကားရိုက်ကူးမှုအပြီးတွင် GI Joe 3 ဇာတ်ကားကို ခေါင်းဆောင်မင်းသားတစ်ဦးအဖြစ် ဆက်လက်ပါဝင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

G.I. Joe ဇာတ်လမ်းတွဲ၏ အစပိုင်းများတွင် မင်းသားလီပြောင်ဟွန်းကို အသုံးမပြုခဲ့သော်လည်း ဒုတိယ

ဇာတ်ကားနှင့် နောက်ထပ် ထွက်ရှိလာမည့် တတိယဇာတ်လမ်းတွဲတွင် လီပြောင်ဟွန်းကို အသုံးပြုရခြင်းမှာ အနောက်တိုင်းရုပ်ရှင်လောကတွင် မင်းသားလီပြောင်ဟန်းအား ပိုမိုစိတ်ဝင်စားလာမှုကို ပြသခြင်းဖြစ်ကြောင်း G.I. Joe ဇာတ်လမ်းတွဲများ၏ ထုတ်လုပ်သူ ပါရာမောင့်ရုပ်ရှင် ကုမ္ပဏီမှ ထုတ်ပြန်ထားကြောင်း သိရသည်။

ကိုရီးယားကြယ်ပွင့် မင်းသား လီပြောင်ဟွန်းသည် ဟောလိဝုဒ်ဇာတ်ကားဖြစ်သည့် Red 2 တွင်လည်း ဟောလိဝုဒ်မင်းသားများနှင့်အပြိုင် ပါဝင်ထားသလို အမေရိကန်နိုင်ငံတွင် ရုပ်ငွေ ၁၂၃ သန်း ရရှိခဲ့သည့် G.I. Joe: Retaliation ဇာတ်ကားတွင်လည်း ပါဝင်ခဲ့ပြန်သည်။

အသစ်ထွက်ရှိလာမည့် GI Joe 3 ဇာတ်ကားသစ်က ယခုနှစ် ဒုတိယ နှစ်ဝက်တွင် စတင်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

ပရိသတ်အကြိုက်ဆုံးဆုအပြင် ဆုများရှင်ဖြစ်ခဲ့သည့် အမေရိကန်မင်းသမီးချော ဆန်ဒရာဘူးလော့ခ်

အကြိမ်(၄၀)မြောက် People's Choice Awards ဆုပေးပွဲအခမ်းအနားက ဇန်နဝါရီ ၈ ရက်က လော့စ်အိန်ဂျလိစ်မြို့ရှိ နိုကီရာပြဇာတ်ရုံ၌ ကျင်းပခဲ့ရာ အမေရိကန်မင်းသမီးချော ဆန်ဒရာဘူးလော့ခ်က Gravity ဇာတ်ကားဖြင့် People's Choice Awards အပါအဝင် အကြိုက်ဆုံးမင်းသမီးဆု၊ အကြိုက်ဆုံးဒရာမာမင်းသမီးဆု၊ အကြိုက်ဆုံးဟာသရုပ်ရှင်မင်းသမီးဆုများနှင့် အကောင်းဆုံးရုပ်ရှင်မင်းသမီးအတွဲဆုကို The Heat ဇာတ်ကားမှ မင်းသမီး Melissa McCarthy နှင့် ပူးတွဲရရှိခဲ့ကာ ယင်းဆုပေးပွဲ၏ ထိပ်တန်း ဆုရှင်တစ်ဦးဖြစ်လာခဲ့သည်။

ဆက်လက်ပြီး အဆိုပါဆုပေးပွဲတွင် ၂၀၁၃ ခုနှစ်အတွင်းက ထွက်ရှိခဲ့သည့် Iron Man 3 ဇာတ်ကားက အကြိုက်ဆုံးရုပ်ရှင်နှင့် အကြိုက်ဆုံးအက်ရှင်ရုပ်ရှင်ဆုကိုလည်းကောင်း၊ အကြိုက်ဆုံးအက်ရှင်ရုပ်ရှင်မင်းသားဆုကို ယင်းဇာတ်ကားမှ Robert Downey Jr. ကလည်းကောင်း၊ အကြိုက်ဆုံးဒရာမာမင်းသားဆုကို လယ်ယိုနာဒိုဒီကာပရီယိုကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ထို့အပြင် မင်းသမီး ဆန်ဒရာဘူးလော့ခ်ပါဝင်သရုပ်ဆောင်ထားသည့် Gravity ဇာတ်ကားသည် ဖ

ရက်က ကြေညာခဲ့သည့် ဗြိတိန်ရုပ်ရှင်အကယ်ဒမီဆုပေးပွဲအတွက် ဆန်ခါတင်ဆုစာရင်းတွင် ဆုအမျိုးအစားပေါင်း ၁၁ ဆုအထိ ရွေးချယ်ခြင်းခံထားရကြောင်း သိရသည်။

မျိုးစန္ဒာမောင် စုစည်းရေးသားသည်

နည်းပညာသတင်း — ALEZ

ပန်းသီး၏ i-Phone 6 ကိုယ်ထည်ပုံစံ စတင်မိတ်ဆက်

၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် အမှန်တကယ် ပရိသတ်လက်သို့ အရောက်ပို့ပေးနိုင်ခဲ့သည့် i-Phone 5-S နှင့် 5-C ၏ ဈေးကွက်ပျံ့နှံ့မှုဝယက် အရှိန်လက်ကျန်ဖြင့်ပင် ပန်းသီးမှ i-Phone 6 ကိုယ်ထည်ကို ထုတ်ပြသပြီဖြစ်သည်။ တရုတ်နိုင်ငံ ပြန်ကြားရေးစာမျက်နှာများတွင် အဆိုပါ i-Phone 6 ကိုယ်ထည်ဒီဇိုင်းသစ်သတင်းမှာ စတင်ပျံ့နှံ့လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ယခင်ပန်းသီးဖုန်းများနှင့် မတူဘဲ မျက်နှာပြင်ပိုမိုကြီးမားကျယ်ပြန့်လာပြီး ကိုယ်ထည်မှာ တိုက်တေနီယမ်သတ္တုစပ်ပင်အသုံးပြုတည်ဆောက်ထားကြောင်း သိရသည်။ ၂၀၁၄ နှစ်လယ်ပိုင်းတွင် ပရိသတ်လက်တွင်းသို့ ရောက်ရှိနိုင်ရန် ရည်ရွယ်ထားပြီး ဖုန်းအတွင်းပိုင်းစနစ် ios ထူးခြားမှုများကိုမူ တရားဝင်ထုတ်ဖော်ပြောကြားမှုမျိုး မတွေ့ရချေ။ ပန်းသီးဖုန်းအသစ် i-Phone 6 မျက်နှာပြင်အကျယ်မှာ ဒသမ ၇ လက်မနှင့် ၅ ဒသမ ၅ လက်မခန့်ရှိနိုင်ကြောင်း ပြန်ကြားရေး

မီဒီယာစာမျက်နှာများတွင် တွေ့ရသည်။

၂၀၁၄ ခုနှစ် မျိုးဆက်သစ်ပန်းသီးဖုန်း i-Phone 6 အတွက် မျက်နှာပြင်သားကို ကွေးနိုင်ဆန့်နိုင်သည့်ဖန်သားတစ်မျိုး ထည့်သွင်းအသုံးပြုတည်ဆောက်သွားမည်ဟု သိရသည်။ အဆိုပါ i-Phone 6 က ဖန်းမျက်နှာပြင်ကြီးမားမှု အကြိုက်တွေ့သုံးစွဲသူပရိသတ်များအတွက် အထူးရည်ရွယ်ထုတ်လုပ်သွားမည်ဖြစ်ပြီး မိုဘိုင်းဈေးကွက်တွင် အကြီးအကျယ် နေရာယူထားသော Samsung ဖုန်းများက အလုံထားနိုင်ရန် ရည်ရွယ်သည်ဟု ပန်းသီး၏စာမျက်နှာများတွင် တွေ့ရသည်။ ဖုန်းအတွင်းပိုင်းလုပ်ဆောင်မှုစနစ်များကို ထုတ်ဖော်မကြေညာသေးဘဲ ကိုယ်ထည်ပိုင်းနှင့် အရွယ်အစားကို စတင်ကြေညာလိုက်သော ပန်းသီး၏မိတ်ဆက်ဖုန်းမျိုးဆက်သစ်အတွက် သူ၏ပရိသတ်များက ရှေ့သွပ်မစတကားများ အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်လျက် ရှိနေပြီဖြစ်သည်ဟု ပြန်ကြားရေးမီဒီယာစာမျက်နှာများတွင် တွေ့ရသည်။

MNL တွင် မြန်မာ့လက်ရွေးစင်ကစားသမားများ လစာကျပ် ၁၀ သိန်းသာ အမြင့်ဆုံးရရှိမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် MNL ကလပ်အသင်းပိုင်ရှင်များ၊ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ နည်းပြများ၊ ကစားသမားများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

မြန်မာလက်ရွေးစင်အသင်းများ၊ လူငယ်လက်ရွေးစင်အသင်းများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုမရရှိခြင်း၊ MNL အသင်းများ ရေရှည်တည်တံ့နိုင်ရေးတို့အတွက် ကစားသမားများ၏ လစာငွေများကို လျှော့ချရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် MNL ကလပ်အသင်းပိုင်ရှင်များ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ယနေ့တွင် ကစားသမားများကို အတည်ပြုပြောကြားကာ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ ပြင်ဆင်လိုက်သည့် လစာငွေအရ လူငယ်ပြိုင်ပွဲဝင်မည့် ကစားသမားများအနေဖြင့် ကျပ်တစ်သိန်းမှ သုံးသိန်း၊ MNL တွင် ကစားပြီး လက်ရွေးစင်မဖြစ်ဖူးသူကစားသမားများအနေဖြင့် ကျပ်နှစ်သိန်းမှ ငါးသိန်း၊ ယူ-၁၉ လူငယ်လက်ရွေးစင်မြန်မာ့လက်ရွေးစင်ဖြစ်ဖူးသူများအနေဖြင့် ကျပ်ငါးသိန်းမှ ၁၀ သိန်းအထိ ရရှိခွင့်ရှိမည်ဖြစ်သည်။

ယခုသတ်မှတ်လိုက်သည့် လစာနှုန်းထားထက် ရနေသူများကို လစာငွေ သုံးလစာလျော်ကြေးပေး၍ စာချုပ်ဖျက်သိမ်းကာ စာချုပ်သစ်ပြန်လည်ချုပ်ဆိုရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာအသင်းများအနေဖြင့် ကမ္ဘာ့အဆင့်၊ အာရှအဆင့်ပြိုင်ပွဲများတွင် ခြေစစ်ပွဲအောင်မြင်ခြင်း၊ အာဆီယံဆုဇကီးဖလားပြိုင်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲများနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပါက ကစားသမားများမှာ လိဂ်ကော်မတီ အစည်းအဝေးပြုလုပ်၍ လစာငွေတိုးမြှင့်ခံစားခွင့်ရရှိမည်ဖြစ်သည်။

၂၀၁၂ ဆုဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုမထက်ခဲ့ရခြင်း၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခြင်းက အဓိကဖြစ်ခဲ့ကြောင်း သိရသည်။

(ချစ်ကိုကို)

09-250202697,09-31629890,09-49577445 Jan-17,31
ပုဂံ - ညောင်ဦး - ပုပ္ပါး - ပခုက္ကူ (စွယ်တော်လေးဆူ ပြည့်ငံပြည့်)
တောင်ကြီး အင်းလေး ပင်းတယ၊ ကလော၊ မွေတော်ကက္ကူ၊ ထမ်စမ်း (၄ည/၅ရက်)
မုံရွာ (အလောင်းတော်ကဿပ)(သီးသန့်) ၊ မန္တလေး ၊
ခရီးစဉ်အားလုံး Hotel Package စရိုက်ပြီး

မန်းရွှေစက်တော်ပါဒခြေတော်ရာဖွင့်ပွဲသို့ Jan-31,Feb-2
ရွှေစက်တော်နှင့်မကွေးကျောင်းတော်ရာ၊ပြည် 35000K-
ရွှေစက်တော်၊ပုဂံ(စွယ်တော်လေးဆူ)၊ပခုက္ကူ 55000K-
ရွှေစက်တော်နှင့်အလောင်းတော်ကဿပ၊မုံရွာ 65000K-
အမှတ်(၄)၊ကျောက်မြောင်းဈေး 09-73159071,09-250269946

၄-၁-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ-၂ ၌ ဦးသန့်ဇင်(အထက်တန်းရှေ့နေ) စဉ်-၁၈၅၇၇ ၏ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်" ကြေညာချက်ကို ကန့်ကွက်ပါကြောင်းရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ စရင်ကွက်၊ ၂၄လမ်း၊ အမှတ်-၁၂၉(ပထမထပ်)နေ (ဦးဘကြိုင်-ဒေါ်လတင်)တို့၏သားသမီးများဖြစ်ကြသော ဦးတင်ဦး၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်စန်းဝန်းရီ၊ ဒေါ်ထေးထေးအေးတို့၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ပါသည်။

လကြီးမင်း၏ ကြေညာချက်ပါ ရန်ကုန်မြို့၊ လသာမြို့နယ်၊ စရပ်ကွက်၊ ၂၄လမ်း၊ မြေကွက်အမှတ်-၂၁ B^2 V 73 အခတ(၂၅×၅၀)ပေ မြေကွက်ပေါ်ရှိ ၂ခန်းတွဲ ၃ထပ်တိုက်အဆောက်အအုံ အမှတ်-၁၂၇၊ (မြေညီထပ်) (ယာ) အကျယ် (၁၂ ½ × ၅၀)ပေ ရှိ တိုက်ခန်းကို ဦးဘကြိုင်ပါ - ၈ ဦးတို့က တရားဝင် ပိုင်ဆိုင်ပါသည်။

အဆိုပါတိုက်ခန်းကို ဦးဘကြိုင်ပါ- ၄ ဦးတို့က ၂၅-၈-၁၉၅၈ရက်မစ၍ ဦးတိန်တက်ခွန်ကို စပေါ်ငွေကျပ် ၅၀၀၀ နှင့် တစ်လလျှင် ငှားရမ်းခ ၄၈ကျပ်ဖြင့် ငှားရမ်းခြင်းသာဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ တိုက်ခန်းနှင့်စပ်လျဉ်းပြီး ကွန့်ပ်မိတ်ဆွေများဖြစ်ကြသော ဦးဘကြိုင်၏ သားသမီးများဖြစ်ကြသည့် တင်ဦး၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်စန်းစန်းရီ၊ ဒေါ်ထွေးထေးအေးတို့၏ ခွင့်ပြုချက် မရရှိဘဲ အရောင်းအဝယ်မပြုလုပ်ကြရန် သတိပေး ကန့်ကွက်ထားခြင်းဖြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ အရောင်းအဝယ်ကို ဆက်လက် ပြုလုပ်ဆောင်ရွက်ပါက တာဝန်သာဖြစ်ကြောင်း ကြေညာပါသည်။

ညွှန်ကြားချက်အရ-
ဦးလရွှေ(LL.B) တရားလွှတ်တော်ရှေ့နေ-၈၉၁၂
အမှတ်-၂၂၊ (ပထမထပ်)၊ ၂၆ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၀၇၉၇၈၆

ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန

၁။ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်။

(က) မြစကမ်းနံဘေးရှိ ဘုရားအမှတ(၁၃၆)၊ (၁၀၅၈) ဘုရားများတွင် မြေကာကျောက်စနံရများ တည်ဆောက်ခြင်း၊

(ခ) အရှေ့ဘက်လိပ်နှင့် အနောက်ဘက်လိပ်ဘုရားများ အထွေထွေ ဖွမ်းမခြင်း၊

(ဂ) ပုဂံရေးဟောင်းသုတေသနပြတိုက ခင်းကျင်းပြသမြင်းနှင့် မမ်းမခြင်းလုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၃-၁-၂၀၁၄) ရက်မှ (၁၇-၁-၂၀၁၄) ရက်အထိ နေ့စဉ် နံနက် ၉:၃၀ မှ ညနေ ၀၄:၀၀နာရီအတွင်း ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်တွင် လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁-၂၀၁၄ရက် နံနက် ၁၀:၀၀နာရီမှ ၁၁:၀၀နာရီအတွင်း ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထက်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၂၇၊ ၀၆၇-၄၀၈၀၄၀

ဆေးပညာဒီပလိုမာသင်တန်းဖွင့်

မန္တလေး ၉

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေး ၂၀၁၄ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံသင်တန်းနှင့် ဘွဲ့လွန်သွားဘက်ဆိုင်ရာ ဆေးပညာဒီပလိုမာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ် မြခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဆေးနှင့် နှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိက/ဌာနမှူးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး ပါမောက္ခချုပ်၊ ဝါမောက္ခဒေါက်တာရွှေတိုးက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမ)

ပရီမီယာလိဂ်အသင်းများ၏ ကမ်းလှမ်းမှုကို လျစ်လျူရှုကာ ရီးယဲလ်နှင့်စာချုပ်သစ် အလွန်ဆို ထပ်မံချုပ်ဆို

စပိန်နှင့်ရီးယဲမက်ဒရစ် ကွင်းလယ်ကစားသမား ဇာဘီအလန်ဆိအား ပရီမီယာလိဂ်အသင်းအတော်များများက ခေါ်ယူရန် ပစ်မှတ်ထားလျက် ရှိမနေသော်လည်း ၎င်းတို့၏ စိတ်ဝင်တစားကမ်းလှမ်းမှုကို လျစ်လျူရှုလိုက်သည့်အနေဖြင့် အလန်ဆိသည် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် [illegible] သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်သည်။

အလွန်ဆိုသည် ၂၀၀၉ ခုနှစ်က လီဗာပူးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့သဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီသည် ရီးယဲလ်အတွက် ၎င်း၏ ငါးရာသီမြောက်ဘောလုံးရာသီဖြစ်သည်။

အလန်ဆိနှင့် ရီးယဲလ်တို့ လက်ရှိချုပ်ဆိုထားသည့် စာချုပ်မှာ ယခုနှစ်ဘောလုံးရာသီတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ခြင်းကြောင့် ရီးယဲလ်နည်းပြ ကာလအန်ဆယ်လော့တိအနေဖြင့် အလန်ဆိအား တစ်ရာသီလျှင် လစာငွေယူရိုခြောက်သန်းဖြင့် နှစ်နှစ်စာချုပ် ထပ်မံချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီအပြောင်းအရွှေ့တွင် လှုပ်ခတ်မှုရှိနေသော ကစားသမားများ

စပိန် ယူ-၂၁ ကြယ်ပစ် မိရာတာအား ခေါ်ယူမည်ဖြစ်ကြောင်း သတင်းများပေါ်ထွက်ခဲ့ပြီးနောက် ၎င်းကိုခေါ်ယူရန် လီဗာပူး၊ စပါး၊ အင်တာမီလန်တို့ကပါ ပစ်မှတ်ထားလျက်ရှိသည်။

ဆွစ်ဇာလန်ကလပ် ဘေဆယ်အသင်း၏ ဘယ်နောက်ခံလ မဟာမက်ဆာလာအား လီဗာပူး၊ လေဗာကူဆင်၊ အင်တာမီလန်နှင့် အက်သလက်တီကိုအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်သည် ရိုးမားအသင်းမှ ဘောစနီးယားကြယ်ပွင့် မီရာလန် ပီဂျန်နစ်၊ ဂျူဗင်တပ်မှ ကလော်ဒီယို မာချီစီယိုနှင့် ရီးယဲလ်မှ ဖေဘီယို ကွန်ထရာအိုတို့ကိုခေါ်ယူရန် ရည်သန်လျက်ရှိသည်။

စပိန်ထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် မန်ယူနှင့် အနာဂတ်မတည်မငြိမ်ဖြစ်နေသော ဗဟိုနောက်ခံလ ဗီဒစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အီတလီ အင်အားကြီးကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူတောင်ပံကစားသမား နာနီကိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းသည် မိနာကိုအသင်းမှ တိုက်စစ်မှူး လကစ်ကာ ထရာအိုရေးအား အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း သိရသည်။

ဘလက်ပူးလ [illegible] တန်မ်အင်စီအား ခေါ်ယူရန် ဆွမ်ဆီးနှင့်ခရစ္စတယ်ပဲလေ့စ်အသင်းတို့ အပြိုင်ကြိုးပမ်းလျက်ရှိသည်။

မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဆဲလ်တစ်ကစားသမား ဗင်ဒေးလ ဗန်ဒစ်ကိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

စပါးတပ်မော်စကို တောင်ပံကစားသမား အေဒင်မက်ဝယာဒက [illegible] ရန် နယူးကာဆယ်နှင့် အက်စတန်ဗီလာအသင်းတို့ အပြိုင်ကြိုးပမ်းလျက်ရှိသော်လည်း ၎င်းမှာ အဲဗာတန်သို့ ရောက်ရှိရန် နီးစပ်မှုရှိနေသည်။

နယူးကာဆယ် အသင်းသည် လင်ယွန်ကွင်းလယ်ကစားသမား ဖိဖန်နာကိုခေါ်ယူရန် ပစ်မှတ်ထားနေသည်။

စတတ်စီးတီးအသင်းသည် အန်ဒါလက်တိုက်စစ်မှူး ဂျွန်အဝဒယ်လီကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ရည်သန်လျက်ရှိသည်။

ပရီမီယာလိဂ်ခန့်မှန်းချက် - ၂၁

ပရီမီယာလိဂ်ပွဲစဉ် (၂၁) ကို ဇန်နဝါရီ ၁၁၊ ၁၂၊ ၁၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိပြီး နယူးကာဆယ်နဲ့ မန်စီးတီးဆတွေ့နေတာကြောင့် အကြိတ်အနယ်ရှိမှာပါ။

ဟားလ် - ချယ်လ်ဆီး ည ၇း၁၅ (၁၀-၁-၀၄)

ဒီလိုပွဲမျိုးမှာ ချယ်လ်ဆီးအမှားခံမှာ မဟုတ်ဘူး။ ချယ်လ်ဆီးက တိုက်စစ်အားပျော့ပြီး ဟားလ်က အိမ်ကွင်းအားနဲ့ခံကစားမှာဖြစ်ပေမယ့် ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ဆိုတာ ခက်ပါတယ်။ ချယ်လ်ဆီးကပဲ ကပ်အနိုင်ရသွားမှာပါ။

စပါး - ပလေစ် ည ၉း၃၀(၁၁-၁-၁၄)

စပါးရဲ့ အိမ်ကွင်းမှာ ပဲလေစ် အမှတ်ရဖို့ ခလွယ်ပါဘူး။ အဒီဘာယောခြေစွမ်းပြနေမှုကြောင့် ထက်မြက်နေတဲ့ စပါးတိုက်စစ်ကို အဝေးကွင်းအားပျော့တဲ့ ပလေ့စ် ခံစစ်ရေရှည်ထိန်းဖို့ခက်တယ်။ [illegible] မှာပါ။

ကာဒစ်ဖ် - ဝက်စ်ဟမ်း ည ၉း၃၀(၁၁-၁-၁၄)

ဆိုးရှားလ်လက်ထက်မှာ ကာဒစ်ဖ်ကစားပုံအားကောင်းလာပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဝက်စ်ဟမ်းက ခြေပျက်ယွင်းနေပါတယ်။ ကာဒစ်ဖ်တို့ အိမ်ကွင်းမှာ အသာရဖို့ရှိနေသလို ကပ်ပြီးလည်း အနိုင်ရသွားမှာပါ။

[illegible] - ဆွမ်ဆီး [illegible] ၁၀း၃၀(၁၂-၁-၁၄)

စပါးကို ရှုံးခဲ့ရတဲ့အတွက် မန်ယူတို့ အမှတ်ပြန်ရဖို့ အားစိုက်လာမှာပါ။ ဆွမ်ဆီးခြေကလည်း [illegible] ကျဘက် ရောက်နေတာကြောင့် မန် [illegible] အိမ်ကွင်းအားကို ထိန်းဖို့ခက်ပါလိမ့်မယ်။ မန်ယူတို့ကပ်ပြီး အနိုင်ရသွားမှာပါ။

[illegible] - [illegible] ည ၉း၃၀(၁၁-၁-၁၄)

အဲဗာတန်ရဲ့ ကစားအားက နော့ဝစ်ချ်တ ထိန်းချုပ်ဖို့ ခက်ပါလိမ့်မယ်။ နော့ဝစ်ချ်ခြေက အားနည်းမတွေများနေပြီး အဲဗာတန်က အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာဖြစ်တာကြောင့် အဲဗာတန်ကို အားပေးဖို့ရှိတယ်။

နယူးကာဆယ် - [illegible] ည ၈း၃၅(၁၂-၁-၁၄)

နယူးကာဆယ် အိမ်ကွင်းအားမကောင်းပါတယ်။ မန်စီးတီးက အဝေးကွင်းဆိုရင် ခံစစ်ပိုင်းအားပျော့တယ်။ မန်စီးတီးတို့ အမှတ်ပြည့်ရဖို့ ခက်ခက်ခဲခဲ ရုန်းကန်သွားရမှာပါ။ မန်စီးတီးနိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ခက်ပါတယ်။

ဖူလ်ဟမ် - ဆန်းဒါးလန်း ည ၉း၃၀(၁၁-၁-၁၄)

ဖူလ်ဟမ်ဟာ ခြေစွမ်းပင်းပျက်ယွင်းနေပါတယ်။ ဒါပေမယ့် အိမ်ကွင်းအားရှိတယ်။ အထူးသဖြင့် ဆန်းဒါးလန်းဟာ အမှတ်ပေးဇယားအောက်ဆုံး ရောက်နေပြီး ခြေစမ်းပိုင်းအားနည်းမတွေများနေတယ်။ ဖူလ်ဟမ်ကို ယုံကြည်ရမယ်။

စတုတ် - လီဗာပူး ည ၁၀း၄၀(၁၂-၁-၁၄)

စတုတ်က အိမ်ကွင်းမှာကျော့တာမှန်တယ်။ ဒါပေမယ့် လီဗာပူးကလည်း တိုက်စစ်ကစားပုံ အားကောင်းမှု ရှိနေတယ်။ ဒါကြောင့် ပွဲချိန်ပြည့်ဖိအားပေးလာမယ့် လီဗာပူးတိုက်စစ်ကို စတုတ်တို့ ပဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်တယ်။ လီဗာပူးကပ်နိုင်မှာပါ။

ဆောက်သမ်တန် - ဝက်စ်ဘရွန်း ည ၉း၃၁(၁၁-၁-၁၄)

ပက်စ်ဘရွန်းခြေ အားနည်းနေပါတယ်။ ဆောက်သမ်တန်က နှစ်ဝွဆက်အရှုံး ချေဖျက်ဖို့ အိမ်ကွင်းမှာ အားစိုက်လာမှာပါ။ ဆောက်သမ်တန်တို့ အနည်းငယ် အခက်အခဲတွေ့နိုင်ပေမယ့် နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရသွားမှာပါ။

ဗီလာ - အာဆင်နယ် [illegible] ၂း၃၀(၁၄-၁-၁၄)

အခုနောက်ပိုင်းမှာ ခြေစမ်းကျဟနေပါတယ်။ ပထမအကျော့တန်းက ဗီလာတို့ နိုင်ပွဲရခဲ့ပေမယ့် လက်ရှိအချိန်မှာ အာဆင်နယ်ခြေက အကောင်းဆုံးဖြစ်နေတယ်။ အဝေးကွင်းဖြစ်ပေမယ့် အာဆင်နယ်ကသာ ကပ်နိုင်သွားမှာပါ။



သတိပေးတားမြစ်ချက်

[illegible] ၊ ကျောက်တတားမြို့နယ်၊ (၈) ရပ်ကွက်၊ ၃၉လမ်း၊ အမှတ်-၁၈၀၊ ပထမထပ်နေ ဦးခမ်းခန့်မန် (၅/တမန (နိုင်) ၀၃၂၂၃၅) ၏ လွဲအပ်သည့်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

[illegible] လက်ရှိအသုံးပြုလျက်ရှိသော မော်တော်ယာဥ်၏ ၂၀၀၄ ခုနှစ် သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးပါရန် ဒေါ်ခိုင်ခေမာမောင်မောင်လေး (၁၂/မရက (နိုင်) ၁၁၈၈၂၄)နှင့် ဒေါ်တင်တင်မာတို့အား မော်တော်ယာဥ်မှတ်ပုံတင် စာအုပ်နှင့် [illegible] မှတ်တမ်းစာအုပ်မူရင်းများအား ယုံကြည်စွာအပ်နှံခဲ့ပါသည်။ သက်တမ်းတိုးပြီးသော်လည်း ၎င်းစာအုပ်မူရင်းအား ဒေါ်ခိုင်ခေမာမောင်မောင်လေးက လာရောက်အပ်နှံခြင်းမရှိဘဲ အလွဲသုံးစားပြုဆောင်ရွက် ထားကြောင်းသိရှိရပါသည်။ ဦးခမ်းခန့်မန်၏လက်မှတ်အားလည်း ဒေါ်ခိုင်ခေမာမောင်မောင်လေးက အတုရေးထိုးခြင်းများ ပြုလုပ်ခဲ့ပြီး ထွက်ပြေး တိမ်းရှောင်နေပါသည်။

ထို့ပြင် ဦးခမ်းခန့်မန်၏ အမည်အား အလွဲသုံးစားပြု၍ ငွေကျပ်သိန်း ၅၀အား လိမ်လည်ရယူခဲ့သဖြင့် ဦးလမြင့် ဆိုသူက ရွှေပြည်သာမြို့နယ်တရားရုံးတော်တွင် တရားမကြီးမှုအမှတ် - ၉၆/၂၀၁၃ အရ တရားစွဲဆိုထားပါကြောင်း သိရပါသည်။

ယင်းမော်တော်ယာဉ်စာအုပ်နှင့်ပတ်သက်၍ ယခုအခါ [illegible] တရားလိုပြုလုပ်၍ အနောက်ပိုင်းခရိုင် တရားရုံးတော်တွင် တရားမကြီးအမှုအမှတ် - ၆၅၉/၂၀၁၃အရ ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်ဟု အမည်သည်၏ညွှန်ကြားချက်အရ သိရပါသည်။

သို့ပါ၍ (၁) ယင်းမော်တော်ယာဉ်အမှတ်-၅ဃ/၃၅၅၆ မှတ်ပုံတင်စာအုပ်နှင့် အာမခံစာအုပ်မူရင်းများ နှင့်ပတ်သက်၍ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံပေးကမ်း၊ လျှော့ခြင်း၊ဖျက်ဆီးခြင်း၊ ဖျောက်ဖျက်ခြင်းနှင့် အခြားတစ်နည်းနည်း ဖြင့် ဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

(၂) ၎င်းစာအုပ်မူရင်းများအား လက်ခံထားသူများရှိပါက အလျင်အမြန်အေးချမ်းစွာဖြင့် ကျွန်ုပ်ထံသို့လာရောက် အပ်နှံပေးပါရန် မေတ္တာရပ်ခံထားပြီး သတိပေးအပ်ပါသည်။

အကယ်၍ အထက်ပါ သတိပေးချက်များကို လိုက်နာခြင်းမရှိပါက ရာဇသတ်အက်ဥပဒေ များအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဖြစ်မကြောင်းအရ ဒေါ်ခိုင်ခေမာမောင်မောင်လေးနှင့် သက်ဆိုင်သူများအပေါ် (မလွှမရှောင်သာဘဲ) အမှုဖွင့်တိုင်ကြားသွားရမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

လူအပ်ညွှန်ကြားသူ

[illegible]
၅/တမန (နိုင်) ၀၃၂၂၃၅
အမှတ်-၁၈၀၊ ပထမထပ် (၃၉)လမ်း၊
(၈)ရပ်ကွက်၊ ကျောက်တတားမြို့နယ်၊
[illegible] ကန်တိုင်းဒေသကြီး။

[illegible]
(တရားလွှတ်တော်ရှေ့နေ)
ဖုန်း - ၀၉ ၇၃၀၈၉၂၅၉

ဒေါ်အေးစန္ဒာမြင့်(စဉ် - ၄၂၅၀၅)
ခထက်တန်း[illegible]
[illegible] - ၀၉ ၂၅၀၀၀၁၂၁၃

လွှဲအပ်ညွှန်ကြားချက်အရ

ဦးရိန် (I.B.A, I.P.B.A)
C.B,AGD ဘဏ်ဥပဒေအကြံပေး
HP. 095010830, 01-507236

စေတနာ-ကန်အမှတ်တဆိပ်၊ ဥပဒေအကြံပေးနှင့် စာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်း
(နှစ်သစ်မှာသက်သာသောအထူးဈေးနှုန်းဖြင့် ကူညီပေးပါမည်။)
ပလဲဂေဟာ၊ ခြံအမှတ်-၁၀၅၊ ရေဟာသီ (၃)လမ်း၊(၆)မိုင်ခွဲ၊ (၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Email : ushein@gmail.com(or)kokoshein2013@gmail.com

လမ်းလျှောက်လာသူလက်တွင် ကိုင်ထားသည့် ပိုက်ဆံအိတ်အား ဆိုင်ကယ်သမား လုယူထွက်ပြေး

မန္တလေး

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၂၉×၈၀) လမ်းထောင့်တွင် ဇန်နဝါရီ ၆ ရက် ၁၀ နာရီက ထမင်းစားရန် လမ်းလျှောက်လာသည့် မညညစန်း(၂၇)နှစ်၏ လက်တွင်ကိုင်ထားသည့် ငွေကျပ် ၁၀၃၀၀၀ နှင့် မိုဘိုင်း ဖုန်း ကတ်ပြား၊ ဘောက်ချာစာရွက်တို့ပါ ပိုက်ဆံအိတ်အား ဆိုင်ကယ်စီးလာသည့် လူနှစ်ဦးအနက် နောက်မှလိုက်ပါလာသူ (ချိုင်းထောက်ဝါ)သူက ဆွဲယူကာမောင်းနှင်ထွက်ပြေးသဖြင့် အော်ဟစ်အကူအညီတောင်းခဲ့ရာ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေသည့် ဒရဲအုပ်အောင်မျိုးပင်းနှင့် အဖွဲ့က ဖြိုးကို(၁၉) နှစ်(ချိုင်းထောက်ပါ)အား သက်သေခံ ပစ္စည်းပိုက်ဆံအိတ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ရဲစခန်း (ချမ်းအေးသာစံ)မှ အမှုဖွင့်ပြီး ဆိုင်ကယ်မောင်းနှင်သူ ကွင်းဆက်ပြစ်မှုကျူးလွန်သူ ကျော်ဇင်ဝင်း(၂၈)နှစ်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ဒေါပုံမြို့နယ် ယမုံနာလမ်းကြီးဝေါ်ရှိ ဝိတ်ဟောင်းတော်တိုင်လမ်းဆုံတွင် ဇန်နဝါရီ ၈ ရက် ည ၉ နာရီက လမ်းကွေ့ကျော်တက်ရာမှ အရှိန်လွန်ပြီး လင်းဘေးရှိအိမ်အား ဝင်တိုက်သည့်ဟွန်ဒိုင်းလိုက်ထရပ်ယာဉ်အား တွေ့ရစဉ်။

(ဓာတ်ပုံ-သဟာသ)

ရထားပေါ်မှအဆင်း နောက်ရထားဖြင့် ပွတ်တိုက်မိ

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော် အေလာဘူတာ၌ ရက် နံနက် ဝဝ နာရီ မိနစ်တွင် အမှတ်(၄) အစုန်ရထားမှအဆင်း အမှတ်(၅)အဆန်ရထားနှင့် ပွတ်တိုက်ခံမိဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အမှတ်(၄)မန္တလေး-ရန်ကုန် အစုန်အမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသူ မသင်းညာ (ခ) မပမ (၃၀)နှစ် အေလာအုပ်စု မြို့သစ်ရပ်ကွက် လယ်ဝေးမြို့နယ်နေသူသည် အေလာ ဘူတာအရောက် ရထားပေါ်မှအဆင်းတွင် အမှတ်(၅) ရန်ကုန်- မန္တလေး အဆန်အမြန်ရထားနှင့် ပွတ်တိုက်မိသဖြင့် မသင်းညာ (ခ) မဝမတွင် နဖူးယာဘက်ခြမ်း ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ယာဘက်နံရိုးအောင့်ဒဏ်ရာ၊ ယာဘက်ခြေခရိုး ကျိုးဒဏ်ရာ (စေးရိမ်ရ)ရရှိခဲ့သဖြင့် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

(ဝ၅၄)

တောင်ငူတွင် ထော်လာဂျီနှင့် ဆိုင်ကယ်တိုက်မိ နှစ်ဦးသေ

တောင်ငူ ဇန်နဝါရီ ၉

တောင်ငူမြို့ ထီးလိုင်ကန်ကရစ်လမ်း (အမြန်လမ်းချဉ်းကပ်လမ်း) ရမ်းရွာ အနီးတွင် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီခွဲက ထော်လာဂျီနှင့် ဆိုင်ကယ် တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်လာသူနှင့် နောက်တွင် လိုက်ပါစီးနင်းလာသူနှစ်ဦးတို့ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ ဆင်ဆိပ်ကျေးရွာအုပ်စု ကုက္ကိုပင်စုကျေးရွာနေ ယာဉ်မောင်းကျော်(၂၃)နှစ် မောင်းနှင်လာသည့် ယာဉ်အမှတ် ၉၅/---- အပြာရောင်ထော်လာ ယာဉ်သည် ထီးလိုင် ကွန်ကရစ်လမ်းအတိုင်း အနောက်မှ အရှေ့သို့မောင်းနှင်လာရာ ရမ်းရွာအနီးသို့အရောက်တွင် တောင်ဘက်တောင်တက္ကသိုလ် (ညောင်ကိုင်းလမ်းခွဲ)မှ ဖြတ်တက်လာသော ဟန်ဒါဒရင်း ၁၁၀ အနက်ရောင် ဆိုင်ကယ်ဖြင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် တောင်ငူမြို့ မြင်းစားခက ကျေးရွာနေ ဆိုင်ကယ်မောင်းနှင်လာသူ ဝင်းဗိုလ်(၃၆)နှစ်မှာ ယာဘက်နားထင် ပေါက်ပြဲ၊ နှာခေါင်းသွေးထွက်၊ ဝဲဘက် နားရွက်ပွဲ့ဒဏ်ရာများ ရရှိခဲ့ပြီး ဝင်းမြင့်(၃၄) နှစ်မှာ ဝဲချိုစောင်းပေါက်ပြဲ၊ ပါးစပ် သွေးထွက်ဒဏ်ရာများရရှိခဲ့ကာ နှစ်ဦး စလုံးနေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း ကျော်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး တောင်ငူခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးလွင်က တိုင်တန်းသဖြင့် တောင်ငူမြို့ အမှတ် (၂)ရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

(ဝ၆၅)

မုံရွာတွင် စက်သုံးဆီပီပါများတင်ဆောင်လာသည့် ထော်လာဂျီတစ်စီး ဝါယာရှော့ဖြစ်၍ မီးလောင်

မုံရွာ ဇန်နဝါရီ ၉

မုံရွာမြို့ ကွေ့ကြီးရပ်ကွက် ကမ်းနားလမ်း ချင်းတွင်းမြစ်အတွင်း သဘောကျင်းလန်းတင်ဆိပ်ကမ်း မြောက်ဘက် အနီး ကျောက်မျက်ကားတိဆိပ်၌ ဝါရီ ၈ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က စက်သုံးဆီပီပါ တင်ဆောင်လာသည့် ထော်လာဂျီယာဉ် တစ်စီး မီးလောင်ကျွမ်းခဲ့သည်။ မုံရွာမြို့၏ အရှေ့မြောက် ၁၀ ပိုင်ကျော်ခန့်ရှိ ကျောက္ကာရေနံ ချကဖိုမှ ကျောက္ကာ မြောက်ရွာနေ ယာဉ်မောင်း ဇော်မောင်မောင်(၂၁)နှစ်မောင်းနှင်လာသည့် ၉၅/----ထော်လာဂျီသည် စက်သုံးဆီ ပီပါအလုံး ၅၀ တင်ဆောင်၍ ချင်းတွင်း အထက်ပိုင်းဒေသသို့ ရေယာဉ်ဖြင့် ပို့ဆောင်ရန် ချင်းတွင်းမြစ်ကမ်း ကျောက်မျက်ကားတိဆိပ်ရှိ ရေယာဉ် ပေါ်တင်ဆောင်ရန် မောင်းနှင်လာစဉ် ကားခေါင်းခန်းအတွင်း ဘက်ထ ဝါယာရှော့ဖြစ်ကာ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ စတင်

လောင်ကျွမ်းသော ကားခေါင်းခန်းထိုင်ခုံ ကရင်များမှ တစ်ဆင့် ကားစက်လောင်ကျွမ်းခြင်းဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစန်းအေးဦးစီး၍ မီးသတ်ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အပေါ်စီးမီးသတ်စက်နှစ်လုံး နှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၆ ဦးတို့ဖြင့် အချိန်မီမီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၄၈ မိနစ် တွင် မီးထိန်းနိုင်ခဲ့ကာ ညနေ ၄ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် ထော်လာဂျီ တာယာခြောက်လုံး၊ ထိုင်ခုံကူရှင်နှင့် ရှေ့လေကာမှန်ကြီးတစ်ချပ်တို့ မီး လောင်ကျွမ်းခဲ့သဖြင့် ယာဉ်မောင်း ဇော်မောင်မောင်အား (ပ)အမှတ် ၁၁/၂၀၁၄၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

(မျိုးပင်းထွန်း-မုံရွာ)

ဆေးလိပ်မီးမှတစ်ဆင့် နေအိမ်သို့ကူးစက်လောင်ကျွမ်း၍ တစ်ဦးသေ

နေပြည်တော် ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လျော်ဖြူကိုင်းရွာနေ ဒေါ်ဝင်းရီ (၇၀)နှစ်၏ နေအိမ်တွင် ဇန်နဝါရီ ၇ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ဆေးလိပ်မီးမှ တစ်ဆင့် နေအိမ်သို့ ကူးစက်လောင်ကျွမ်းခဲ့ရာ ကျေးရွာနေ ပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၆ နာရီ တွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ ဒေါ်ဝင်းရီမှာ လေဖြန်းရောဂါ ခံစားနေရသူဖြစ်ပြီး နေအိမ်တွင် တစ်ဦးတည်း နေထိုင်ကြောင်း၊ နေအိမ်အိပ်ရာထတွင် လဲလျောင်းနေရင်း ဆေးလိပ်သောက်နေစဉ် ဆေးလိပ်မီးမှ တစ်ဆင့် အိပ်ရာခင်း ဂုန်းစောင်သို့ ကူးစက်လောင်ကျွမ်းခဲ့ပြီး နေအိမ်သို့ ထပ်မံ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှု ကြောင့် ဒေါ်ဝင်းရီမှာ ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ဒဏ်ရာ များဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး သုံးပင် ဝတ်လည် သွပ်မိုး၊ ထရံကာ၊ ကြမ်းခင်းနေအိမ် ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရွာတန်း ရကင်းရဲစခန်းက သေမှုသေခင်းအမှတ်စဉ်(၁/၂၀၁၄)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (ရပြန်ကြား)

MAJESTIC MYANMAR
Professional Real Estate Co.,Ltd(Law and Account)

ကွန်တော်များကုမ္ပဏီမှ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အိမ်၊ ခြံ၊ မြေကွက်၊ စက်ရုံ၊ ဂိုဒေါင်များနှင့် တိုက်ခန်း၊ ကွန်ဒိုများအား ကာလပေါက်ဈေးနှင့်အညီ ရောင်း/ဝယ်၊ ငှားရမ်းပေးခြင်း (ငွေပိ/ငွေလိုသူများအား ဝန်ဆောင်မပေးခြင်း) မြေပုံ၊ မြေရာဇဝင်များကားခြင်း၊ ပိုင်ဆိုင်မှုစစ်ဆေးပေးခြင်းနှင့် တရားဝင်စာချုပ်ချုပ်ဆိုပေးခြင်းတို့ကို လူကြီးမင်းများ စိတ်ကျေနပ်မှုရှိစေရန် အထူးဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အိမ်၊ ခြံ၊ မြေ ဝယ်လို/ငှားလိုသူ လူကြီးမင်းများ စိတ်ချယုံကြည်စွာဖြင့် ဆက်သွယ်မေးမြန်းအပ်နှံနိုင်ပါသည်။

(OWN THE HOME MEANT FOR YOU)
No.22,Myawaddy st, Beside Bayinnaung Market Road, Yangon.
Ph:09-5045694, 09-5190499, 01-686417, Fax-686390
Email:kmkpanpha@gmail.com

ချမ်းမြင့်သာ
ထားရှား
ချောင်းသာ
ချောင်းသာ Hotel package
569782, 562829
99 73163538, 09 43033237

မျိုး 380164
09 5017088
09 8626524
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားများ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

မီးမလောင်ခင် သတိမူ၍ ကြိုတင်ကာကွယ်ပါ

Golden Culture Travels & Tours
နွေးထွေးပျူငှာ Golden Culture
3 Stars Resort များဖြင့်သာစီစဉ် -
စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ (January 24)
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော၊ကုလ (January 31)
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ၊သီဟိုဠ်ရှင် (January 31)
ရွှေစက်တော်၊မကွေး၊မင်းဘူး၊ကျောင်းတော်ရာ (February 14)
ဖုန်း - ၀၁-၃၉၄၂၁၈၊ ၀၉-၅၄၀၄၅၃၂၊ ၀၉-၅၁၂၀၅၄၆

သင့်လုပ်ငန်းအတွက် ၁၀၀% အခမဲ့ Website ရယူလိုက်ပါ။
Orgnima Co., Ltd
အမှတ် ၃၅၊ ဒုတိယထပ်၊ ၁၁လမ်း (အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၀၀၉၉၂၊ ၀၁ ၁၂၂၁ ၃၂၅ (www.facebook.com/orgnima)

POST ရာဘူဆင်ခွင့်သင်တန်း
ထွေ/အုပ် (၃ဦးစီး) အမျိုးသားစီမံကိန်း(၃ဦးစီး)တန်းခွဲသစ်များဖွင့်ပြီ
သင်တန်းကြေး၃၀၀၀၀ စာအုပ်ရပြီ။ တစ်လပြတ်တန်း၃ ၁၁.၁. ၂၀၁၄
၁၆၅၊ဆိပ်ကမ်းသာလမ်းလယ်၊ဦးရမင်းပိုင်စာသင်ခန်းမ၀၉၄ ၂၀

Asia Top ဘုရားဖူးလုပ်ငန်း 0943164118, 0942109574, 098635520
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ဓမ္မတော်ကတ္တူ၊ ထမ်ဝမ်းလိုဏ်ဂူ (Guest Package) 65000
ပုဂံ၊ ညောင်ဦး၊ (ရွှေယံတောလေးဆူ)၊ (Guest Package) 55000
အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ (Guest Package) 70000
အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ(Guest Package) 45000 Jan 10,17,24
ကျိုက်ထီးရိုး/ချောင်းသာ (Guest Package) 35000 ကားစီးလုံးငှားစီစဉ်ပေးသည်

အမှတ်စဉ် (H/40) ယနေ့ထွက်ပြီ
ကျွတင်ကာကွယ်နိုင်ကြပြီး မှခင်းအသိပညာရရှိစေဖို့
မှုခင်း ရှုထောင့်ဂျာနယ် ဖတ်ကြစို့
Ph-01-397164, 297297
ကယ်ရာမှာမဖြယ်မရာတွေကိုကြည့်ပြီး တဏှာရာဂထကြွသူနှစ်ဦးရဲ့ ဆင်ခြင်မလုပ်ရပ် လာနေကျဧည့်သည် ဖော်ဒါကြေးမပေးပါဆိုတဲ့ တရားမဝင်အနှိပ်ခန်းကိုဖမ်းလိုက်ပြီ ကလေးတစ်ယောက်မွေးပေးရင် ငါးသိန်းပေးမယ် ပြောသူတွေက-- လူကိုဖမ်းပြီး ၂၀၀၀နဲ့လာရွေးခိုင်းသူကို မြဝတီတွင်ဖမ်းမိ အဝမှုကျူးပြီး သေသွားလို့ လျှို့ထဲပစ်ချထားခဲ့သူများကို ဖမ်းဆီးရမိ အစ်ကိုဝမ်းကွဲနဲ့အပေါင်းအပါများက ရဲအယောင်ဆောင်ကာ ငွေနှင့် ရွှေထည်ပစ္စည်းတွေ လုယူသွားတဲ့ဖြစ်ရပ် ဦးကျော်သူ (နာရေးကူညီမှုအသင်း)ရဲ့ နေအိမ်ကို မြေတူးရာမှ ပုံးသီးတွေ့ နှစ်သစ်ကူးညမှာ အပျော်လွန်ပြီး ဖြစ်ကြတဲ့ရန်ပွဲ အဓမ္မကျူးလွန်ရန် ကြိုးစားသူအားထုတ်သူ ကိုယ့်ဘာသာကိုယ် အဆုံးသတ်သွားတဲ့ဖြစ်ရပ် အသုဘမှာသီချင်းဖွင့်ဖို့ တားမြစ်သူချွန်ထက်တဲ့အရာနဲ့အထိုးခံရ အနော်ရထာလမ်းက ဂိမ်းဆိုင် ဖမ်းလိုက်ပြီ ဆံဆိုကြီးမောင်းတဲ့ ကတ္တစိယာဉ်မောင်းကို အရေးယူဖို့အမဖွင့် ...ဉ်ဆိုင်... ...ဒ်ရောက်အောင် ထွက်ပြေးခဲ့ရတဲ့ဖြစ်ရပ် ....

ဈေးဝယ်မထွက်ခင်ကြိုမြင်ဖို့ 7 DAY SHOPPING GUIDE ကိုဖတ်ကြစို့
- ဈေးနှုန်းသက်သာ ဖက်ရှင်ကမ္ဘာ
- ကြိုက်တာရွေးယူ ဈေးနှုန်းတူတူ
- အိမ်ရှင်မအကြိုက် မီးဖိုဆောင်ပစ္စည်းများ
- ကနေဒါစီးပွားရေး လေ့လာရေးခရီးစဉ်
- အပွင့်ဖော် ဖန်စီဆံထုံးပြုပြင်ပုံ အဆင်ဆင်
နောက်ဆုံးပေါ်နည်းပညာ၊ ဖုန်း၊ လက်ဝတ်ရတနာ၊ ဖက်ရှင်အစုံအလင်
7 Day Shopping Guide
အပတ်စဉ် သောကြာနေ့တိုင်းထွက်ပြီ...
ရန်ကုန်နှင့်မန္တလေးအမှာများအတွက် ဖုန်း- ၀၉-၇၃၀ ၅၃၃၂၀ ၊ကြော်ငြာအတွက် ဖုန်း- ၀၁ ၅၁၃၅၅၁ ~ ၉
marketing@7dayshoppingguide.com ကို ဆက်သွယ်နိုင်ပါသည်။

မွန်ပြည်နယ်ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အမေရိကန်တက္ကသိုလ်နှင့် ချိတ်ဆက်ဆောင်ရွက်မည်

မော်လမြိုင် ဇန်နဝါရီ ၉

မော်လမြိုင်တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံတင်ဒ္ဒါနချုပ်ရှိ ထိင်းနိုင်ငံ ဗန်ကောက်မြို့တွင် အခြေစိုက်သော Point B Design and Training အဖွဲ့အစည်းတို့အကြား ပညာရေးဖွံ့ဖြိုးမှုအတွက် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က မော်လမြိုင်တက္ကသိုလ်ပင်မဆောင်တွင် ကျင်းပရာ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ် အဏ္ဏဝါသိပ္ပံဆိုင်ရာ သင်ကြားရေးနှင့် သုတေသနများ ကြင်းဆင်းလေ့လာရေးအဖွဲ့မှ MR. ANTOS GREGORY, MS. ARDESHER ROCHELLE၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာငွေးအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်မြတ်ကျော်စိန်နှင့် ပါမောက္ခ/ဌာနမှူးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာငွေးအောင်နှင့် MoU လက်မှတ်ရေးထိုးခဲ့ကြပြီး နားလည်မှုစာချွန်လွှာအရ မွန်ပြည်နယ်ဒေသအတွင်း ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသင်တန်းများပို့ချခြင်းနှင့် အဏ္ဏဝါသိပ္ပံဘာသာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာတက္ကသိုလ်များ အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် ချိတ်ဆက်ပြီး သုတေသနနှင့်အဏ္ဏဝါသိပ္ပံဘာသာရပ်သင်ကြားသင်ယူမှုလုပ်ငန်းများ ဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(မြဇေ)

မော်လမြိုင်မြို့အတွင်း မီးပွိုင့်နှစ်ခုကို CCTV ကင်မရာတပ်ဆင်

မော်လမြိုင် ဇန်နဝါရီ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့အတွင်း အချက်အချာကျသည့် ဒိုင်းဝန်ကင်းနယ်မြေ ဒိုင်းဝန်ကင်းမီးပွိုင့်နှင့် မုပ္ပွန်နယ်မြေ၊ ဈေးကြိုမီးပွိုင့်တို့တွင် ယခင်ဒစ်ဂျစ်တယ်မီးပွိုင်များ တပ်ဆင်အသုံးပြုနေရာမှ ယာဉ်စည်းကမ်း၊ လမ်းစည်းလမ်း ဆောင်ရွက်ရာ၌ စည်းကမ်းမလိုက်နာသည့် ယာဉ်များနှင့် ယာဉ်တိုက်မှုတွင် တိမ်းရှောင်သွားသောယာဉ်များ ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးမှ အနီးကပ်ကြီးကြပ်ကပ်ကဲကာ အမှတ်(၉)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးညွှန့်ဝေဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် အဆိုပါ မီးပွိုင့်များတွင် အဆင့်မြင့် CCTV ကင်မရာများအား စတင်တပ်ဆင် အသုံးပြုလျက်ရှိသည်။ (အပေါ်ဝ)

CCTV ကင်မရာများ တပ်ဆင်အသုံးပြုခြင်းကို ဇန်နဝါရီ ၂ ရက်တွင် မော်လမြိုင်မြို့ ဒိုင်းဝန်ကင်းနယ်မြေ ဒိုင်းဝန်ကင်း မီးပွိုင့်အားလည်းကောင်း၊ ဇန်နဝါရီ ၅ ရက်တွင် မုပ္ပွန်နယ်မြေ ဈေးကြိုရပ်ကွက် ဈေးကြိုမီးပွိုင့် တွင်လည်းကောင်း စတင်တပ်ဆင်အသုံးပြုနေပြီဖြစ်သည်။

ယခုတပ်ဆင်သည့်မီးပွိုင့်နှစ်ခုသည် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးများသို့ မော်တော်ယာဉ်၊ ဆိုင်ကယ်များ အများဆုံး ဖြတ်သန်းသွားလာနေသည့် အဓိကကျသည့် မီးပွိုင့်နှစ်ခုဖြစ်ပြီး ပြည်သူလူထုအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်၍ အထူးစီမံချက်ဖြင့် တပ်ဆင်ပေးခြင်းဖြစ်သည်။

ကျော်သန်း(မော်လမြိုင်)

ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရေး မြို့တွင်းရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

ကလေး ဇန်နဝါရီ ၉

ရေမြောင်းများပိတ်ဆို့ခြင်းကြောင့် မိုးရာသီတွင်း မြို့တွင်းလမ်းမများပေါ်တွင် ရေပြည့်ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း မရှိသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်၍ ကလေးမြို့ သာယာလှပရေးနှင့် မိုးတွင်းအချိန်များတွင် ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့လာစေရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ဦးဆောင်ကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ပူးပေါင်းပြီး ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူပြီး မြို့တွင်းရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၄ ရက်မှ စတင်ဆောင်ရွက်ရာ လုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့တွင်းရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းကို မြို့တွင်းအနိမ့်ပိုင်း ရေကြီးရေလျှံတတ်သည့် ရပ်ကွက်(၇) ရပ်ကွက်အတွင်းရှိ ပိတ်ဆို့နေသော ရေမြောင်းအသီးသီးမှ စုစုပေါင်း အရှည် ပေ ၁၁၁၆၀ အား တူးဖော်ရှင်းလင်းခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးမှုအခြေအနေကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခမ်လျန်းခိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂ ရက် နံနက်တွင် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။**(အောက်ပုံ)**

ဂျူနိုင်း

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါပစရောင်းချမည့်ရက်နှင့် တင်ဒါလျှောက်လွှာပေးပို့ရန်ရက်များကို သက်တမ်းတိုးမြှင့် ပြင်ဆင်ပြောင်းလဲခြင်း

၁။ ၅-၁-၂၀၁၄ ရက်နှင့် ၆-၁-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာနှင့် ၄-၁-၂၀၁၄ရက်နှင့် ၅-၁-၂၀၁၄ရက် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့သော သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သော ရွှေကြာပင် ကျောက်မျက်ရတနာအချောထည်ဈေးဖန်အတွင်း One Stop Service Center (နေပြည်တော်) အဆောက်အအုံနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်းဆောက်လုပ်မှု တင်ဒါခေါ်ယူခြင်းအတွက် ဆောင်ရွက်ရမည့်ရက်များကို အောက်ပါအတိုင်း သက်တမ်းတိုးမြှင့် ပြင်ဆင်ပြောင်းလဲပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၁-၂၀၁၄ ရက်မှ ၂၄-၁-၂၀၁၄ ရက်အထိ ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ

(ခ) တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန် ၃၀-၁-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

(ဂ) တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် ၃-၂-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ရှိ ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ရောင်းချပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ကျောက်စိမ်းစီမံ/ ထုတ်လုပ်ဌာနခွဲ၊ မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၄၁၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃) (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးအထူးအဖွဲ့(၃)မှ ဘားအံမြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ(၃)လုံးဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်လျက်ရှိသော အောက်ပါဆောက်လုပ်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၁။	လပ်မြေ	၅၂၂၈ အိတ်
၂။	ချောင်း(ရွယ်စုံ)	၄၀. ၄၈ တန်
၃။		၅၇. ၄၈
၄။	သစ	၂၀. ၀၀ တန
၅။	အုတ	၂၅၂၄၈၆ ချပ်
၆။	ကျောက်စရစ	၁၈၀ ကျင်း
၇။		၂၃၃ ကျင်း
၈။	ကျောက်ကြီး	၈၀ ကျင်း
၉။	သံပန်း	၂၉၀၄ စ/ပေ
၁၀။	တံခါးရွက်	၃၅၂၃. ၅၀ စ/ပေ
၁၁။	ပြတင်းရွက်	၂၇၀၂. ၀၈ စ/ပေ
၁၂။	Aluzinc (၇')ထပ	၁၁၈၀ ချပ်

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၃-၁-၂၀၁၄ရက်
တင်ဒါပုံစံပိတ်မည့်ရက်/အချိန် - ၂၇-၁-၂၀၁၄ရက်၊ ၁၆း၀၀နာရီ
တင်ဒါရွေးချယ်မည့်ရက်/အချိန် - ၂၈-၁-၂၀၁၄ရက်၊ ၁၀း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ခရိုင်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၁၄၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနအတွက် လိုအပ်သော အောက်ပါပရိဘောဂများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူလိုပါသည်။

(က)	Cupboard (LEECO)	၁၀ လုံး
(ခ)	လေးဆင့်စင် (Steel) (3'×1.5'×6')	၂ ခု

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ရုံးအမှတ်(၂၀)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၁-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၆၇-၄၀၄၄၅၅၊ ၀၆၇-၄၀၄၄၄၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနလက်အောက်ရှိ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန(ဘယ်လင်း)တွင် လိုအပ်သော အောက်ပါပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူလိုပါသည်၊

(က)	Water Pump and Motor (Pedrollo) (10H.P,3Phase)Italy F50/60A(or)IR 40-200A	1No
(ခ)	Over head Projector Canon LV 7392A Remaco Motorized Screen(10'×10')	7set
(ဂ)	Hydraulic Long Floor Jack 5 Ton (Taiwan)	10 nos
(ဃ)	Roughness Testing Machine (Protable Surface Roughness Tester TR 200 No)	1 no
(င)	ရေလန့်စက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း	
(စ)	တစ်တန်မီးဖိုအတွက် Transformer ဝယ်ယူခြင်းနှင့် လျှပ်စစ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း	

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ရုံးအမှတ်(၂၀)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၁-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၆၇-၄၀၄၄၅၅၊ ၀၆၇-၄၀၄၄၄၈

[illegible]

Seven စ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား? Seven စ နှင့် ဆက်သွယ်လိုက်ပါ။

အိမ်အရောက် ငွေပေးချေသည်။ ပွဲခ လုံးဝ မယူပါ။

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၀၇၀၅၂၄၇၊ ၀၉-၇၃၁၁၉၀၉၉

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်း မြေကွက်များဝယ်လိုသည်။

09 31589922
09 31268183

မီးဘေးရှောင် မလောင်ခင်တား

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးထောက်ပံ့ငွေပေးအပ်

တောင်ကြီး ဇန်နဝါရီ ၉

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်က တောင်ကြီးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေးတို့ကို ရှမ်း[illegible]နယ်အစိုးရအဖွဲ့မှ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ တောင်ကြီးမြို့ ရေရရှိရေးက ထောက်ပံ့ပေးလျက်ရှိပြီး လားရှိုးမြို့တွင်လည်း စီမံခန့်ခွဲရေးကော်မတီအစီအမံများဖြင့် ရေကြီး၊ ရေလျှံပြုပြင်ရန်၊ လမ်းတံတားများအားနည်းသဖြင့် အစိုးရအဖွဲ့အနေဖြင့် ဆက်လက်ပံ့ပိုးသွားမည် ဖြစ်ကြောင်း၊ လာမည့် နှစ်များတွင် မြို့နယ်အသီးသီးကိုလည်း အစိုးရ၏ရန်ပုံငွေများမှ ထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလဝင်းက တောင်ကြီးခရိုင်စီမံခန့်ခွဲမှု ကော်မတီသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၅၃၀ နှင့် လွိုင်လင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၆၀၀ ကိုလည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစွန်သိန်းမောင်က တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၀၀ တို့ကိုလည်းကောင်းပေးအပ်သည်။

(အင်းသားလေး)

မိတ္ထီလာကန်လယ်တံတားပေါ်၌ ရက်သတ္တတစ်ပတ်တွင် ဆယ်ကြိမ်ခန့် ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်

မိတ္ထီလာ ဇန်နဝါရီ ၉

မိတ္ထီလာ ကန်လယ်တံတားပေါ်၌ ရက်သတ္တတစ်ပတ်တွင် ဆယ်[illegible] ယာဉ်ကြောကျပ်တည်းရှုပ်ထွေးမှုဖြစ်ပေါ်လျက်ရှိသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီး တံတားအရှေ့ထိပ်နှင့် တံတားအနောက်ထိပ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များထားရှိခဲ့ကာ ယနေ့အချိန်အထိ ဖြေရှင်းဆောင်ရွက်ပေးနေရဆဲ ဖြစ်ကြောင်း သိရသည်။

"စနေ၊ တနင်္ဂနွေနေ့တွေကလဲရင် ကျန်ရက်တွေမှာ နံနက်ပိုင်း ကျောင်းတက်၊ ရုံးတက်ချိန်နဲ့ ညနေပိုင်း ကျောင်းဆင်း၊ ရုံးဆင်းချိန်များမှာ နေ့စဉ်ကန်လယ်တံတားပေါ် နှစ်ကြိမ်ပံ့မှန် ယာဉ်ကြောကျပ်တည်းရှုပ်ထွေးမှုဖြစ်တယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေကတော့ တံတားအရှေ့ထိပ်၊ အနောက်ထိပ်မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေ တာဝန်ချထားပြီး ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။ ဒီလိုနည်းနဲ့ ကန်လယ်တံတားပေါ်က ယာဉ်ကြောကျပ်တည်းရှုပ်ထွေးမှုကို ဖြေရှင်းလာတာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်"ဟု ကန်လယ်တံတားအနီး မြို့မရပ်ကွက် နယ်မြေတွင် နေထိုင်သည့် ဒေသခံတစ်ဦးက ပြောသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အစပိုင်းတွင် ကန်လယ်တံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်က မြို့နယ်ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ၌ ပဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ကော်မတီ Delivery Unit အဖွဲ့ဝင် ဦးအောင်နိုင်ဦး (အင်ဂျင်နီယာချုပ်) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြောကြားခဲ့သည်။ မကြာသေးမီ ရက်ပိုင်းအတွင်းက ကန်တံတားသစ်တည်ဆောက်ရေးအတွက် ဆာဗေးတိုင်းတာမှုများ ပြုလုပ်လျက်ရှိကြောင်းလည်း သိရှိရသည်။

ချမ်း[illegible] ([illegible])

အစိုးရ/စီးပွားရေးကြော်ငြာ

ပဲခူးမြို့ မဇင်းရပ်ကွက် (၁)လမ်း ဘုတာလိုင်းခန်းများရှေ့၌ ရှိသော အတ်အမိုက်ကန်မှာ ကစ်ခြစ်းပဲနေပြီး ရပ်ကွက်အတွင်းမှ စွန့်ပစ်အမိုက်များ ပြန့်ကဲနေ၍ မြင်ပကောင်းဖြစ်နေပုံ။ (၅၈၇)

စေတုတ္တရာက တွင်ကျယ်လာသည့် မိသားစုစင်ငွေတိုးပဲချဉ်လုပ်ငန်း

မင်းဘူး ဇန်နဝါရီ ၉

[illegible] မင်းဘူးခရိုင် စေတ[illegible] ခြင်ပြစ်ကင်းကျေးရွာတွင် မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် [illegible] ပဲချဉ်လုပ်ငန်းကို ပွင့်လင်းရာသီတွင် တွင်ကျယ်စွာ လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

ပွင့်လင်းရာသီ ရောက်သည့်အခါတွင် အလှူအတန်းများ ပေါ်များလာကြောင်း၊ ပဲချဉ်တစ်ပိဿာ ကျပ် ၈၀၀ နှုန်းနှင့် ပေးသွင်းရကြောင်း၊ ပဲကောင်းရင် ပဲနောက်စေ နှဆံတစ်ဘားလျှင် ပဲချဉ်တစ်ပိဿာရရှိကြောင်း၊ ပဲနောက်စေ တစ်ဘားအရင်းမှာ ကျပ် ၂၅၀နှင့် ကျပ် ၃၀၀ခန့်သာရှိကြောင်း၊ မိမိယာခင်းမှထွက်ရှိသော ပဲနောက်စေနှ ပြုလုပ်တာဖြစ်ကြောင်း သိရသည်။

အလှူသေးတစ်ခုလျှင် အနည်းဆုံး ပဲချဉ် ပိဿာ ၂၀ ပြုလုပ်ပေးရကြောင်း အလှူကြီးလျှင် ကြီးသလို ပဲချဉ်ပိဿာများများ ပြုလုပ်ပေးရကြောင်း သိရသည်။

သန်းဌေး(IPRD)

မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီး၏ (၁၁၈)နှစ်မြောက်
နှီးဆော်လွှာ
အသင်းဖွဲ့စည်းခွင့်အမှတ် (၁၂၅၃)

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီးသုံးရပ်နှင့် မန္တလေး (၆) မြို့နယ်တို့တွင် သီတင်းသုံးနေထိုင်တော် မူကြကုန်သော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်၊ အလှူခံပုဂ္ဂိုလ်ပေါင်း ၆၀၀၀၀ ကျော်တို့အား မန္တလေးမြို့မလွန်ဈေးဆန်လှူအသင်းကြီးမှ ၁၃၇၅-၇၆ ခုနှစ် (၁၁၈) နှစ်မြောက် မဟာသံဃိကတဏ္ဍုလဒါန ဆွမ်းဆန်တော်များ ကြိုတင်၍ လှူဒါန်းနိုင်ရန်အတွက် အလှူရှင်များ၊ သင်းထောက်အဖွဲ့များမှ ပေးပို့ လှူဒါန်းလျှက်ရှိရာ ရောက်ရှိလာသော ဆွမ်းဆန်တော်များကိုလည်း ကြိုတင်လှူဒါန်း လျက်ရှိပါသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မလွန်ဆန်လှူ သင်းထောက် အဖွဲ့များ အသီးသီးသို့ အလှူခံစရိုးစဉ် စတင်ထွက်ခွာပါပြီ။

ဥက္ကဋ္ဌကြီးနှင့်အမှုဆောင်အဖွဲ့
မလွန်ဈေးဆန်လှူအသင်းကြီး၊ မန္တလေးမြို့

ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) [illegible] ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြပါပြီ။ အလှူရှင်အားလုံးကို ကျောက်စာရေးထိုး မှတ်တမ်းတင်ပေးပါမည်။

ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဒိုလ်မှူးဗထူးလမ်း၊ [illegible] –ဒဂုံ၊ [illegible] – ၀၉ ၄၂၁၁ ၄၃၃ ၈၆၊ ၀၉ ၂၁ ၁၀ ၃၀၅၊
အရှင်အာစာရာလင်္ကာရ မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် KBZ Bank Account No. 070 12 100 73 733

Since 1997
OD TOUR Oriental Dragon Travels & Tours Co.,Ltd

☺ မန်းကောက်၊ အယုဒ္ဓယ၊ ပတ္တရား ၅ည/၆ရက် Jan 18
☺ စင်ကာပူ(ယူနီဗာဆယ်....) ၃ည/၄ရက် Feb 12
☺ တောင်ကြီး၊ အင်းလေး၊ ကက္ကူ၊ ထမ်စန်း Jan 24
☺ ပူ[illegible] ခရီးစဉ် / အလောင်းတော်ကဿပခရီးစဉ် Jan 24,31
[illegible]ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးခြင်းဖြင့် Discount [illegible]ပါပြီ။
ကုမ္ပဏီ၊ ကျောင်း [illegible]များအတွက် စိတ်ကြိုက်ခရီးစဉ်များ စီစဉ်ပေးပါသည်။
[illegible] 01-536855, 526349, 504808, 523187,09-5108087, 5187045, 73022688
E mail: odtravels@gmail.com,facebook :OD Tour.

ပြည်တွင်းရေးရာ

အလင်းတမာန်စာပေရေချမ်းစင်တင်နှစ်ပြည့် အခမ်းအနားကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၉

ပခုက္ကူမြို့ပေါ်တစ်ခွင်စာပေရေချမ်းစင်များ ဖွင့်လှစ်ဆောင်ရွက်ကြရာတွင် အမှတ်(၂)ရပ်ကွက်၏ အလင်းတမာန် စာပေရေချမ်းစင်သည် အရှိန်အဟုန် အားကောင်းစွာဖြင့် ရှင်သန်နေလျက်ရှိသည်။ ဂျာနယ်၊ သတင်းစာ အလျှူရှင်အသီးသီးတို့ကြောင့် အောင်မြင်လျက်ရှိသည်။

ဂျာနယ်၊သတင်းစာ အသစ်သစ်တို့ကြောင့် စာဖတ်သူများနှင့် နေ့စဉ်စည်ကားလျက်ရှိသည်။ ကျနော်တို့ စာပေရေချမ်းစင်ကို (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဖွင့်လှစ်ခဲ့ပါတယ်၊ ယခုလွတ်လပ်ရေးနေ့မှာ (၁)နှစ်ပြည့် အခမ်းအနားကို ကျင်းပနိုင်ခဲ့တဲ့အပြင် စာဖတ်ပရိသတ်များကို ကြာဆံဟင်းခါးဖြင့် ကျွေးမွေးကာသလ်ယူခဲ့ပါတယ်ဟု အလင်းတမာန်စာပေရေချမ်းစင် ဦးဆောင်သူတစ်ဦးက

ပြောကြားသည်။

အလင်းတမာန် စာပေရေချမ်းစင်အဖွဲ့သည် အမှတ်(၂)ရပ်ကွက် အောင်တော်မူဘုရားအနီး သတာလမ်းမ၌ တစ်ခု၊ အမှတ်(၄)ရပ်ကွက် တပ်မလမ်း မန္တလေးကားဂိတ်တွင် တစ်ခု အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ ပခုက္ကူမြို့နယ် သတင်းစာဆရာအသင်းမှလည်း ၎င်းနေ့တွင် ဂျာနယ်၊ သတင်းစာများ လှူဒါန်းခဲ့သည်။

နေဦးမောင်(ပခုက္ကူ)

စာအုပ်၊ စာစောင်နှင့်ငွေပဒေသာပင်လှူဒါန်းပွဲ တောင်ပိုင်းခရိုင်ဝ်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်၏ စာအုပ်၊ စာစောင်နှင့် စာကြည့်တိုက်ငွေပဒေသာပင် လှူဒါန်းပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁နာရီက သန်လျင်မြို့ရှိ ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးလမျိုးအောင်က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လှူဒါန်းပွဲကို ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးသော်ဝင်းက အလှူငွေကျပ် ငါးသောင်း၊ ခရိုင်သာသနာ့ရေးဂုဟာအသင်းဥက္ကဋ္ဌ ဦးသန်းဇော်လေးက အလှူငွေကျပ်တစ်သိန်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းက အလှူငွေကျပ် ငါးသောင်း၊ ဒေါ်ခင်သီတာက အလှူငွေ ကျပ် ငါးသောင်း၊ ဦးဌေးမင်းက အလှူငွေကျပ် သုံးသောင်း၊ ဦးတင်မြင့်က အလှူငွေကျပ် နှစ်သောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် သရုပ်စာကြည့်တိုက်မှူး ဦးရဲထက်ဦးက သုတရသစာအုပ် ၁၁၀၊ သန်လျင်မြို့နယ်မှ စာရေးဆရာများဖြစ်ကြသော (သန်လျင်) မောင်မောင်ဦး၊ မောင်ညီမှူး (သန်လျင်)၊ ကိုမောင်စံသိန်း (ဗိုလ်ချုပ်ရွာ)၊ တင်မောင်ဝေ(သန်လျင်)တို့က သုတရသစာအုပ်များ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။**ခရင်ပြန/ဆကိ(သန်လျင်)**

အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ သုံးခရမ်း(၁၂)မိုင် မာရသွန်အပြေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၅နာရီတွင် ကျင်းပရာ မြို့နယ်အတွင်းရှိ အားကစားသမား မောင်၊ မယ် စုစုပေါင်း ၁၁၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ခရမ်းမြို့ ပြည်သူ့အားကစားကွင်း အားကစားပွဲများ ကျင်းပပြီး တာဝန်ရှိသူများမှ ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

အောင်ချက်မြင့်မားရေး

အောင်ကျော်ညို (ဆင်ချဆိပ်)

ပညာရေးဖွံ့ဖြိုးမှုတွင် မိမိတို့နိုင်ငံ၏လုပ်ဆောင်ချက်များသည် ပွင့်လင်းသောလူ့အဖွဲ့အစည်းနှင့်အတူ ပွင့်လင်းမြင်သာမှုရှိလာပြီဟု ဆိုနိုင်ပါသည်။ တက္ကသိုလ်များတွင် အဆောင်နေကျောင်းသား၊ ကျောင်းသူများ လက်ခံလာခြင်း၊ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်လာခြင်းများက သက်သေပြနေသည်။

နှစ်ဟောင်းအကုန် နှစ်သစ်မင်္ဂလာအကြိုတွင် ပညာရေးနှင့်ပတ်သက်၍ မင်္ဂလာသတင်းစကားကြားလာရပြန်ပါသည်။ ယခင်က မူလတန်းပညာရေးကို လုပ်လေသေးမရှိ နိုင်ငံတော်မှ ပံ့ပိုးပေးခဲ့သလို လာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ အလယ်တန်းအဆင့်တွင် ကျောင်းလခနှင့် အခြားသတ်မှတ်ငွေကြေးများ ကောက်ခံခြင်းမပြုတော့ဘဲ ကျောင်းသုံးဖတ်စာအုပ်များပါ အခမဲ့ပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိလာနေပြီဖြစ်ကြောင်း သိရသည်။

> ❛ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုတွင် ပညာရေးသည် အခရာဖြစ်ရာ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းသည် အနာဂတ်နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြင့်မားလာစေ ❜

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "အခြေခံပညာ ကဏ္ဍတွင် မသင်မနေရ မူလတန်းပညာရေးစနစ်ကို ၂၀၁၂-၂၀၁၃ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ လာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း အလယ်တန်းအဆင့်ထိ အခမဲ့ပညာရေးဖြစ်စေရန် ရည်ရွယ်ကာ အလယ်တန်းအဆင့်တွင် ကျောင်းလခနှင့် အခြားသတ်မှတ်ငွေကြေးများ ကောက်ခံခြင်းမပြုတော့ဘဲ ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း" မင်္ဂလာသတင်းစကား မိန့်ကြားခဲ့ပါသည်။ ပညာရေး၏ပွင့်လင်းမြင်သာသော ဆောင်ရွက်လာမှုသည် သတိမင်္ဂလာတစ်ရပ်ဖြစ်ပါသည်။

တစ်ဆက်တည်းမှာ ကမ္ဘာ့ဘဏ်၏အကူအညီနှင့် ၂၀၁၄-၂၀၁၅မှ ၂၀၁၆-၂၀၁၇ပညာသင်နှစ်အထိ သုံးနှစ်ကာလအတွင်းတွင် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းထောက်ပံ့ကြေးပေးမည့်အစီအစဉ်များ၊ စွမ်းရည်မြှင့်မားရေး သင်တန်းပို့ချပေးမည့်အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကိုလည်း ရှင်းလင်းအသိပေးသွားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးမှု အနှစ်သာရသည် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုပင်ဖြစ်သည်။ ၂၁ရာစုပညာခေတ်၏ပဓာနကျသောအချက်လည်း ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုတွင် ပညာရေးသည် အခရာဖြစ်ရာ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းသည် အနာဂတ်နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြင့်မားလာစေမည်မှာ အမှန်ဖြစ်ပါသည်။

နိုင်ငံတော်မှ တစ်နိုင်ငံလုံး လမ်းခြုံပညာရေးကို တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်ပြေးညီ စီမံဆောင်ရွက်ပေးနေသလို တချို့သောဒေသများတွင်လည်း ဒေသအာဏာပိုင်များက ဒေသ၏ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ကြိုးစားလာနေကြသည်။

ဖြင့် ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရန်အတွက် ကျပ်သန်းနှစ်ထောင်ကျော် သုံးစွဲပြီး စီမံဆောင်ရွက်နေကြောင်း၊ အောင်ချက်မြင့်မားရေးတွင် ည စာဖတ်ဝိုင်းတွေနှင့် ဆရာ၊ ဆရာမတွေကို ထောက်ပံ့ပေးနေကြောင်း သတင်းတစ်ပုဒ်တွင် ဖတ်လိုက်ရသည်။ ကျောင်းသား၊ ကျောင်းသူများ စာကျက်နိုင်ရန် လျှပ်စစ်မီးဆောင်ရွက်ပေးခြင်း၊ လျှပ်စစ်မီးမရရှိသေးသော ဒေသများတွင်အစိုးရမှ ဒီဇယ်ဓာတ်ဆီဖိုးများ အကုန်အကျခံကာ လျှပ်စစ်မီးရရအောင် ဆောင်ရွက်ပေးခြင်းအပြင် ပညာရေးဝန်ထမ်းတာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများ စစ်တွေတက္ကသိုလ်တွင် တွေ့ဆုံကာလက်တွေ့ကျသော ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြည့်နှိုင်းလုပ်ကိုင်လျက် တက်ညီလက်ညီရှိနေပြကြောင်း သိရသည်။

မိမိတို့နိုင်ငံ၏ ပြည်နယ်၊ တိုင်းဒေသကြီးများအတွက် နမူနာတစ်ရပ်ဖြစ်နိုင်ပါသည်။ တစ်နှစ်တာလုံး သင်ယူခဲ့သမျှ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့သည် ပြန်လည်သင်ကြားခြင်းလုပ်ငန်းက ကျေညက်အောင် လုပ်ဆောင်နေကြရပြီဖြစ်သည်။ စာမေးပွဲ၏အရေးကြီးဆုံးကာလတွင် ယခုလို တာဝန်ရှိသူများ၏ စီမံဆောင်ရွက်ချက်သည် တလေးများ၏စွမ်းရည်ကို ကြီးစွာအထောက်အကူဖြစ်စေကာ အောင်ချက်ရာနှုန်းမြင့်လာမည်အမှန်ပင် ဖြစ်ပါသည်။ သုတရောကမှု၏ တန်ပြန်သက်ရောက်မှုသည် လောကနယာမတစ်ရပ်ပင် မဟုတ်ပါလော။ ။

ရန်ကုန်ပညာရေးတက္ကသိုလ် ရွှေရတုအထိမ်းအမှတ်
(၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ ကျေးဇူးကို အထူးသိစွာဆပ်လိုကြသည့် တပည့်အပေါင်းက စပေါင်း၍ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို နံနက ၉နာရီတွင် တက္ကသိုလ်များမွေ့ရာ၌ ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင် မြတ်ဆရာတို့နှင့် ကျောင်းနေဖက်ငယ်ပေါင်းမိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံကာသိလ်ယမှုကို ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြားနိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ပါမောက္ခ ဒေါက်တာ ဒေါ်အေးအေးမြင့၊ ရန်ကုန်ပညာရေးတက္ကသိုလ် (ဥက္ကဋ္ဌ) ၀၉- ၅၁၇၆၀၇၉၊ ၃။ ဦးကျော်သောင်း(ပန်းခီ) ၀၉-၇၃၁၆၄၇၄၉၊ ၄။ ဒေါ်တင်တင်ရှု (DEPT) ၅၅၇၃၀၉၊ ၅။ ဦးစိုးဝင်း-[ဒုချုပ-ဦးစီး(၁)] ၀၉- ၅၁၀၆၃၉၈၊ ၆။ [ဒုချုပ်-ဦးစီး(၂)]၀၉-၈၆၂၃၄၆၄၊ ၇။ ဒေါ်ဆွေဆွေလ -[လ/ညွှန်- ဦးစီး (၃)] ၀၉ ၄၉၄၅၀၇၈၀၊ ၈။ ဒေါ်ကြူကြူရွှေ (ဒု-ဥက္ကဋ္ဌ) ၀၉- ၅၀၀၂၈၇၄၊ ၉။ ဦးရန်းလိန်းအောင (အတွင်းရေးမှူး) ၀၉-၅၁၉၃၈၅၀၊ ၁၀။ ဒေါ်ရီရီဝင်း(ဘဏ္ဍာရေးမှူး) ၀၉- ၅၁၆၇၇၆၆၊ ၁၁။ ဦးကျော်ဝင်း-(ထက်/အပ်) ၀၉- ၇၃၀၀၉၁၄၃၊ ၁၂။ ဦးစိုးမြင့် (New Shwesin) ၀၉-၅၀၆၃၂၂၈

(၁၉၇၅--၈၀) ပညာရေးတက္ကသိုလ်
ကျောင်းသား/ကျောင်းသူများတွေ့ဆုံပွဲဖိတ်ကြားလွှာ

နှစ်စဉ်ဆုံတွေ့
ဒို့မမေ့ရန်
ကျန်းမာနေဆဲ
တွေ့မြင်မင်
လာစေချင်သည
ဆက်ဆက်လှမ်းခဲ သူငယ်ချင်းတို့

နေ့ရက် - ၂၄.၁.၂၀၁၄ (သောကြာနေ့)
အချိန် - ညနေ (၄:၃၀)နာရီ
နေရာ - ပင်ဒါဟိုတယ်၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆက်ဆက် လာခဲ့ကြဖို့ မြန်မာတစ်နိုင်ငံလုံးရှိ သူငယ်ချင်း အားလုံးကို ဖိတ်ခေါ်ပါတယ်။
(နယ်ဝေးမှသူငယ်ချင်းများအတွက်နေရေးနှင့် စားသောက်ရေးကို ထားပါသည်။)
(၁၉၇၅-၈၀)ပညာရေးတက္ကသိုလ်သူငယ်ချင်းများ

Full Auto အလိုအလျောက်စက်
PH:09 731 99 410
09420035882, 73199257

ကန့်ကွက်နိုင်ရန် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်(၁၆/၂)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်-၄၇၂(ခ)၊ ၆-ထပ်RC၊ (၁၈×၈၀)ပေရှိ မြေညီထပ်တိုက်ခန်း တစ်ခန်းကို ဒေါ်ခိုင်သဇ္ဈာဝင် ၉/မထလ(နိုင်)၁၆၉၂၅၂ဆိုသူက စာချုပ်စာတမ်းဖြင့် ပိုင်ဆိုင်ပါသည်။ ဒေါ်ခိုင်သဇ္ဈာဝင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ၂၂-၁၂-၂၀၁၃ ရက်တွင် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဒေါ်ခင်အေးတင်**
လ-စ-၁၄ ၂၁၅၊ အထက်တန်းရှေ့နေ
Ph: 09-31124054

နေပြည်တော်မှာ
ဦးလှိုင်ဘွား
(Former Gazetted Officer)
ရွေးချယ်စရာအများ
အမှန်ကန်ဆုံးရွေးချယ်
လဝက/ကာ ရေး/ပြန်ကြားရေး
ဦးစီးအရာရှိ တန်းများ
ထွေ/အုပ်၊ ဒု-ဦးစီးသင်တန်းများအဝ
ပံ့မှန်တန်းခွဲ/အနီးကပ်ထန်းခဲ
J.H.A ရာထူးဝင်သင်တန်းများ ဖုန်း-၀၉-၄၉၂၀၁၉၈၈
ယောက်သွားအင်းမှတ်တိုင်၊ နေပြည်တော်ယမ်းမကြီးဘေး

ဆီဘောက်ဆာ
အမြန်ရောင်းမည်
ဂါလံ ၂၈၀၀ဆံ့၊ ကားကောင်း၊ ၂ခ/၉
ထောင် ကျော်၊ ညှိနှိုင်းဈေး။
ဆက်သွယ်ရန်-
ဖုန်း-၀၉၂၅၀၀၆၈၉၉၀၊
၀၉-၃၁၆၄၉၉၇၈

၂-ထပ်တိုက်ငှားမည်
မြသီတာအိမ်ရာ(တောင်ဥက္ကလာ)
Fully Furnished , 10 air-cons, 5 bed rooms
Ph: 09-402622001, 09-5036205

အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန နှင့် ပူးပေါင်း၍ သုခစုစ် ကုမ္ပဏီ၏ အဓိကပံ့ပိုး ကူညီစီစဉ်မှုဖြင့်
TKSS
သုခစုစ် အလုပ်အကိုင်ပြပွဲ လှိုင်သာယာမြို့နယ် တွင်
ဝန်ထမ်း/လုပ်သား ရှာဖွေနေသော **လုပ်ငန်းရှင်များ** နှင့် **အလုပ်ရှာဖွေနေသူများ** တိုက်ရိုက်တွေ့ဆုံ၍
ဝန်ဆောင်ခ(အခမဲ့)ဖြင့် (၁၈.၁.၂၀၁၄)မှ (၂၀.၁.၂၀၁၄)ရက်နေ့ အထိ (၃) ရက်တိုင်တိုင် (ပြည်တွင်း) အလုပ်အကိုင်များရှာဖွေ ရရှိနိုင်ပါသည်။
ပြည်ပ အလုပ်အကိုင် ရှာဖွေနေသူများအတွက် ပြည်ပအလုပ်အကိုင် အေဂျင်စီများ စုပေါင်းပြသသည့် ပြပွဲအား (၂၅.၁.၂၀၁၄) နှင့်
(၂၆.၁.၂၀၁၄) ရက်နေ့ တို့တွင် ဆက်လက် ကျင်းပမည်ဖြစ်ပါသည်။ ➡ ပြပွဲပြုလုပ်မည့်အချိန် - နံနက် (၈း၀၀) နာရီ မှ ညနေ(၅း၀၀) နာရီ
➡ နေရာ - အမှတ် (၆)၊ (၆) ရပ်ကွက်၊ ကျွန်စစ်သားလမ်းမကြီး၊ လှိုင်သာယာမြို့နယ်။ ➡ ဆက်သွယ်ရန် ဖုန်း - 09 31492327, 09 420142932

ရှာသာယာသောက်ရေအိုးများ မကွေးဆိပ်ကမ်းသို့ နေ့စဉ်ဝင်ရောက်

မင်းဘူး ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရှာသာယာကျေးရွာမှ တတ်လုပ်သော သောက်ရေအိုးများ၊ ပန်းညောင်ရေအိုးများ၊ ကလေးစုဘူးများ မကွေးမြို့သို့ နေ့စဉ်ဝင်ရောက်ကာ ဈေးရမ်ကျက်ဆိပ်ကမ်း သဲသောင်ပေါ်၌ စပုံ၍ ရောင်းချလျက်ရှိသည်။

ရှာသာယာကျေးရွာသည် ရှေးနှစ်ပေါင်းများစွာကတည်းက သောက်ရေအိုးများတတ်လုပ်ရောင်းချခြင်းသည် အဓိကစီးပွားရေးလုပ်ငန်းဟု သိရသည်။ ထိုကျေးရွာ၌အိုးလုပ်ငန်းရှင် ၁၀ ဦးခန့်ရှိပြီး ရွာ၏တောင်ဖျား ရှေးဟောင်းရေကန်ကြီးထဲမှ မြေ့များသည်အဓိကကုန်ကြမ်းဖြစ်သည်။

"သောက်ရေအိုးက ရေသန့် ၂၀ လီတာ တစ်ဘူးဆံ့တယ်၊ တစ်လုံးလျှင် ကျပ် ၈၀၀၊ ပန်းညောင်ရေအိုးက တစ်လုံးလျှင် ကျပ် ၃၀၀၊ ကလေးစုဘူးက ကျပ် ၂၀၀ ရောင်းပါတယ်"ဟု ရှာသာယာမှ အိုးရောင်းသူ ကိုမြမောင်က ပြောသည်။

"တချို့က သောက်ရေသန့်ကို ရေအိုးထဲလောင်းပြီး သောက်ကြတယ်၊ ပလတ်စတစ်ဘူးထဲမှာ တာရှည်မထားဘူး၊ မြေအိုးသန့်သန့်နဲ့သောက်ကြတယ်" ဟု သောက်ရေအိုးလာဝယ်သူတစ်ဦးက ထောက်ခံပြောဆိုသည်။

ပင့်လင်းခြောက်သွေ့ရာသီတွင် ရှာသာယာမှတတ်လုပ်သော သောက်ရေအိုးများက မကွေးဆိပ်ကမ်းသို့ စက်လှေဖြင့် နေ့စဉ်ပို့ပေးလျက်ရှိပြီး သောက်ရေအိုး သန့်သန့်ကြိုက်သူများသည် ရေဆိပ်သောင်ခုံဆင်းကာ ရှာသာယာ သောက်ရေအိုးများ လာရောက်ဝယ်ယူလျက်ရှိသည်ကို တွေ့ရသည်။

(မကွေးလှမြင့်)

အစိုးရ/စီးပွားရေးကြော်ငြာ

ကျောင်းသမိုင်းကိုပြောပြနေသော (၉၃)နှစ် သက်တမ်းရှိ သစ်ပင်ကြီး

မကွေး ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ သက်တမ်း(၉၃)နှစ်မျှကြာပြီဖြစ်သော တမာပင်ကြီး တစ်ပင်တည်ရှိပါသည်။

အဆိုပါတမာပင်ကြီးအား မြေပြင်အမြင့် လေးပေမှ ပင်စည်လုံးပတ်အား တိုင်းထာကြည့်ရာ ၁၆ ဒသမ ၅ ပေ ရှိကြောင်း၊ ပင်စည်တွင် "၁၉၂၁ ခုနှစ် ဇွန်လ ၁ ရက် ကျောင်းစတင်ဖွင့်လှစ်ရေး အထိမ်းအမှတ်တမာပင်" ဟုရေးသားချိတ်ဆွဲထားသည့် ဆိုင်းဘုတ်စာတန်းအား တွေ့ရှိရကြောင်း၊ ထိုသစ်ပင်ကြီးအား ခေတ်အဆက်ဆက် ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အထူးဂရုစိုက် စောင့်ရှောက်ခဲ့ကြကြောင်း၊ ၎င်းကျောင်းတော်ကြီးမှထွက်သည့် ကျောင်းသား ကျောင်းသူဟူသမျှ နှင့်မကင်းခဲ့ကြောင်း၊

နိုင်ငံတော်၏ အနာဂတ်ကြယ်ပွင့်ကလေးများဖြစ်သည့် ကျောင်းသား ကျောင်းသူများအား ခေတ်အဆက်ဆက် အေးမြသော အရိပ်အာဝါသများပေးခဲ့ကြောင်း၊ ကျောင်းတော်ကြီး၏ သက်တမ်းအားကြည့်ပါက ယင်းတမာပင်၊ သက်တမ်းက ကြည့်ရန်လိုအပ်ကြောင်းတို့အား အဆိုပါကျောင်းထွက် ကျောင်းသား ဟောင်းကြီး ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးဆန်းညွန့်ဦးက ပြောပြသည်။

ယင်းမဆတလက၍ ထိုကျောင်းတော်ကြီးမှာ ၁၉၂၁ မှ ၁၉၄၂ ထိ အစိုးရအင်္ဂလိပ်-မြန်မာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၄၅ မှ ၁၉၅၀ ထိ နိုင်ငံတော်မလတန်းလွန်ကျောင်းအဖြစ် လည်းကောင်း၊ ၁၉၅၁ မှ ၁၉၅၃ထိ နိုင်ငံတော်တန်းမြင့်ကျောင်းအဖြစ်လည်းကောင်း၊ ၁၉၅၄ မှ ၁၉၆၆ထိ အစိုးရအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၆၆မှ ၁၉၈၁ထိ အမှတ်(၁)အစိုးရအထက်တန်းကျောင်းအဖြစ် လည်းကောင်း၊ ၁၉၈၂ မှ ၁၉၈၃ ထိ အမှတ်(၁)အခြေခံအဆင့်မြင့် တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၈၄ တွင် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းအဖြစ်လည်းကောင်း၊ အမျိုးမျိုးပြောင်းလဲ ခေါ်ဝေါ်ခဲ့သော်လည်း သစ်ပင်ကြီး၏ ဘေးပတ်လည်တွင် အင်္ဂတေများပတ်လျက် ထိုင်ခုံများပြုလုပ်၍ "တမာပင်"ဟူသော အမည်အား မပြောင်းလဲစေဘဲ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အေးမြသောအရိပ်ပေးနေဆဲဖြစ်သည်။ **ခင်သန်းဦး(ဖန်ခါးမြေ)**

၂၀၁၂ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုရ ဆရာလူမွန် (ပခုက္ကူ) နှင့် တွေ့ဆုံခြင်း

မြို့သည် စာပေအစဉ်အလာအားကောင်းသည်။ ဆရာမြသန်းတင့်၊ ဆရာအောင်လင်း၊ ဆရာကျော်အောင်တို့မွေးဖွားရာ နယ်မြေဒေသလည်းဖြစ်သည်။ ပခုက္ကူစာပေဆုရှင် ဦးအုံးဖေ၏မွေးဖွားရာ ဇာတိရပ်ရွာလည်းဖြစ်သည်။ ယနေ့တက်တိုင် အမျိုးသားစာပေဆုရှင်များ၊ စာပေဗိမာန်ဆုရှင်များ၊ ပခုက္ကူဦးအုံးဖေစာပေဆုရှင်များ (ပခုက္ကူစာပေဆု) ပေါ်ထွက်လျက်ရှိသည်။ စာပေသမားများဆွတ်ခူးချင်သော ထွန်းဖောင်ဒေးရှင်းစာပေဆုကို ၂၀၁၂ ခုနှစ်အတွက် ပခုက္ကူသားကဗျာဆရာ လူမွန် (ပခုကျူ)က မထွေးလေးနဲ့ပန်းစံပယ် ကလေးကဗျာများ၊ ကလေးစာပေစာမူဆက် ဆွတ်ခူးရရှိခဲ့သည်။ ဆရာလူမွန်သည် နိုင်ငံတော်အဆင့်စာပေဆုများကိုလည်း ရရှိထားသူဖြစ်၍ သူ၏ကြိုးစားမှု၊ ကဗျာရေးဖွဲ့မှုတို့ကို စာပေမြတ်နိုးသူများသိရှိစေရန် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

တွေ့ဆုံမေးမြန်းခဲ့မှုကို တင်ပြရသော် ဆရာလူမွန်သည် ၂၀၀၇ ခုနှစ်တွင် ဦးဦးလက်ဆောင်ကလေး ကဗျာများနှင့် စာပေဗိမာန် ကလေးစာပေ ပထမ၊ ၂၀၀၈ ခုနှစ်တွင် အောင်စည်းစိမ် တျောက်မျက်ကမ္ဘာမကျင်းပသော တစ်နိုင်ငံလုံးဖိတ်ခေါ် ကျေးဇူးကြီးလှမိနှင့်ဖ စာမူပြိုင်ပွဲ၌လည်း ပြိုင်ပွဲဝင် ၂၅၂ ဦးအနက်မှ ပထမဆုဆွတ်ခူးခဲ့သည်။ ၂၀၀၉ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုတွင်လည်း သံသာချိုလွင် တလေးကဗျာများ၊ တလေးစာပေစာမူဆုတုလည်းကောင်း ဆုတခူးရရှိခဲ့သူလည်းဖြစ်သည်။ စာပေလောကသ ၁၆-၂-၈၄ ရက်ထုတ် ဗဒမလောကစာစောင်ပါ အရင်းမပြတ်စေနှင်ဟသော ကဗျာဖြင့် ရောက်ရှိခဲ့သည်။ ငွေတာရီ၊ မြဝတီ၊ စစ်မြန်၊ နိုင်ငံ့ဂုဏ်ရည်၊ ရွှေသွေးနှင့် ဘာသာရေးမဂ္ဂဇင်းများ စသည်စာစောင်များတွင် ကဗျာများခံမင်နစ်မြုပ်စာ ရေးသားလျက်ရှိသည်။ ပခုကျူခရိုင်အတွင်း ကျင်းပသော စာပေပြိုင်ပွဲများတွင်လည်း စာပေဆု ကိုးဆုရရှိခဲ့သူလည်း ဖြစ်သည်။ ပခုကျူဦးအုံးဖေ စာကြည့်တိုက်၌ ပထမဦးဆုံး စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ပခုကျူမြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပခုကျူ အလင်းမဂ္ဂဇင်းအမှုဆောင် အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ပခုက္ကူမြို့ အမှတ်(၅) ရပ်ကွက် အိမ်နံပါတ် (၆၆) သီရိမဂ်လမ်းတွင် နေထိုင်လျက်ရှိသည်။

နေဦးမောင်(ပခုက္ကူ)

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့
ယာဉ်မောင်း၊ ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေး ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် လူတွေ့/နှုတ်ဖြေစစ်ဆေးရေးစာမေးပွဲခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော ယာဉ်မောင်း(လစာနှုန်း ၆၁၀၀၀-၁၀၀၀- ၆၆၀၀၀)၊ ရုံးအကူ၊ ရုံးစောင့်၊ သန့်ရှင်းရေး ရာထူးနေရာများတွင် ခန့်ထားနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း စစ်ဆေးသွားမည်ဖြစ်ပါသည်၊

စဉ်	စစ်ဆေးမည့် ရာထူး	စစ်ဆေးမည့် ဘာသာ	စစ်ဆေးမည့် နေ့/အချိန်	စစ်ဆေးမည့် နေရာ
(က)	ယာဉ်မောင်း	လက်တွေ့/ လူတွေ့နှုတ်ဖြေ	၁၇-၁-၂၀၁၄ ၉း၀၀ နာရီ	ရုံးအမှတ်(၅၁)၊ လူမှုဖူလုံရေး ရုံးချုပ်၊ နေပြည်တော်
(ခ)	ရုံးအကူ၊ ရုံးစောင့် သန့်ရှင်းရေး	လူတွေ့ နှုတ်ဖြေ	၁၇-၁-၂၀၁၄ ၉း၀၀ နာရီ	သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးရုံးများ၊ နေပြည်တော်ကောင်စီ နယ်မြေအတွက် ရုံးအမှတ်(၅၁)၊ လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်

၂။ ဖြေဆိုမည့်သူများအနေဖြင့် ရုံးအမှတ်(၅၁)၊ လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်နှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ရုံးများသို့ ၁၆-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ သတင်းပေးပို့ရမည်ဖြစ်ပြီး လူတွေ့ဖြေဆိုရန် လာရောက်ရာတွင် အောက်ပါစာရွက်စာတမ်းများ ယူဆောင်လာရမည်ဖြစ်ပါသည်-

(က) ရပ်ကွက်ထောက်ခံစာမူရင်း (၃ လအတွင်း ပြုလုပ်ထားသော)
(ခ) ရဲစခန်းထောက်ခံစာမူရင်း (၃ လအတွင်း ပြုလုပ်ထားသော)
(ဂ) ကျန်းမာကြောင်းဆေးလက်မှတ်မူရင်း
(ဃ) အလုပ်သမားမှတ်ပုံတင်မူရင်း
(င) မှတ်ပုံတင်မိတ္တူ
(စ) ယာဉ်မောင်းလိုင်စင်မူရင်း (ယာဉ်မောင်းရာထူးလျှောက်ထားသူများအတွက်)

၃။ အသေးစိတ် သိရှိလိုပါက လူမှုဖူလုံရေးရုံးချုပ်၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၃၀၁၀၁၊ ၀၆၇-၄၃၀၃၇၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

ပြင်ဆင်ဖတ်ရှုပါရန်

၄-၁-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂)ပါ တရားလွှတ်တော်ရှေ့နေ ဦးနန်းနွယ်၏ ၁၃-၁၂-၂၀၁၃ စာမျက်နှာ(၂၀)ပါ ပြန်လည်ဖြေရှင်းကြေညာခြင်းတွင် တရား အစား တရား

ပစားမလို လုံးချင်းခြံနှင့်တိုက်၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ရန်ကုန်မြို့။
ဖုန်း-၀၅၂-၂၂၇၂၃၊ ၀၉-၅၃၀၀၁၀၇

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာနက ရောင်းချလျက်ရှိသည့် ရုံးခွန်နှင့်အခွန်တံဆိပ်ခေါင်းများအား လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရန်အတွက် တိုးချဲ့ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ကြေညာချက်ထုတ်ပြန်မြင်း

၁။ တရားဝင်စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အသုံးပြုသည့် အခွန်တံဆိပ်ခေါင်းများနှင့် တရားစရင်မှုအပိုင်း၌ အသုံးပြုရန် လိုအပ်သော ရုံးခွန်တံဆိပ်ခေါင်းတိုကို တံဆိပ်ခေါင်းတန်ဖိုးအလိုက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အပြင် ရန်ကုန်မြို့၊ အမှတ်-က(၁၇)၊ ၃၆လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်နှင့် ရုံးအမှတ်(၄၆)၊ နေပြည်တော်တို့တွင် ဗဟိုတံဆိပ်ခေါင်း အရောင်းကောင်တာ (၂)ခုဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါသည်။

၂။ ထိုသို့ရောင်းချရာတွင် အများပြည်သူများ လိုအပ်လျက်ရှိသော မိဘပြည်သူများ ယခင်ထက်ပိုမိုလွယ်ကူလျင်မြန်စွာ ဝယ်ယူရရှိနိုင်ရန်အတွက် လက်ရှိရောင်းချနေသော မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ရန်ကုန်နှင့်နေပြည်တော် ဗဟိုတံဆိပ်ခေါင်း အရောင်းကောင်တာများအပြင် နိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အောက်ဖော်ပြပါ အခွန်တံဆိပ်ခေါင်းနှင့် ရုံးခွန်တံဆိပ်ခေါင်းများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ရက်နေ့မှစတင်၍ တန်ဖိုးကျပ် ၁၀၀၀ နှင့် ကျပ်၁၀၀၀ အောက်ရှိ အခွန်တံဆိပ်ခေါင်း၊ ရုံးခွန်တံဆိပ်ခေါင်းများကို ရုံးချိန်အတွင်း ထပ်မံတိုးချဲ့ ရောင်းချပေးလျက်ရှိပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

အခွန်နိပ် (၈)မျိုး	၁၀ဝိ/-၂၀ဝိ/-၂၅ဝိ/-၃၀ဝိ/-၄၀ဝိ/-၅၀ဝိ/-၆၀ဝိ/-၁၀၀ဝိ/-
အခွန်တပ (၁)မျိုး	၅ိ/-
ရုံးခွန်နိပ် (၇)မျိုး	၁၀ဝိ/-၁၅ဝိ/-၂၀ဝိ/-၂၅ဝိ/-၃၀ဝိ/-၅၀ဝိ/-၁၀၀ဝိ/-
ရုံးခွန်ကပ် (၉)မျိုး	၁၀ဝိ/-၁၅ဝိ/-၂၀ဝိ/-၃၀ဝိ/-၄၀ဝိ/-၅၀ဝိ/-၆၀ဝိ/-၈၀ဝိ/-၁၀၀ဝိ/-
အထူးကပ် (၆)မျိုး	၁၀ဝိ/-၂၀ဝိ/-၃၀ဝိ/-၅၀ဝိ/-၆၀ဝိ/-၁၀၀ဝိ/-

ပြည်တွင်းအခွန်များဦးစီးဌာန

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၀၃)အကြီးစားစက်ရုံ(မကွေး)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁၃) အကြီးစား (မကွေး)မှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(၁)	စက်ဆီချောဆီ (၂၅) မျိုး	1 Lot	HI-13/13-14/003
(၂)	ကျောက်မီးသွေး	(၄၀) တန်	
(၃)	သဲ	(၄၀၀)တန်	

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ စံချိန်စံညွှန်း အချက်အလက်များနှင့်ပတ်သက်၍ ၁၃-၁-၂၀၁၄ ရက်မှ စတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၂၄-၁-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀ နာရီဖြစ်ပါသည်။ **စီမံကိန်းဌာန၊ အမှတ်(၁၃) အကြီးစားစက်ရုံ (မကွေး)**
စက်မှုဝန်ကြီးဌာန၊ မကွေးမြို့၊ ဖုန်း-၀၆၃-၈၄၃၀၀၃၀၊ ၈၄၃၀၀၄၁

အလှပြင်သင်တန်း

